ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ သောကြာနေ့၊ (28-8-2015) (၈၃၀၆)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး မဟာဗျူဟာမြောက်အစီအမံများ ရေးဆွဲချမှတ်ဖော်ဆောင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သက်ဆိုင်သူအားလုံးပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်မှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စီမံကိန်းကျေးရွာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက မိမိတို့အနေဖြင့် ပြည်သူများ၏ တူညီသောဆန္ဒနှင့်အညီ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# မနက်ဖြန်များအား မျှော်လင့်နေဆဲ ဆန်အခက်ကြုံ စေတုတ္တရာ



စေတုတ္တရာမြို့လယ် ဈေးရုံအနီးတွင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းနေမှုကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။

ဆောင်းပါး - မြတ်သန္တာမောင်၊ ဓာတ်ပုံ - အငယ်လေး

စေတုတ္တရာမြို့ရှိ ကျေးရွာပေါင်း ၃၄ ရွာသည် ရေလွှမ်းမှု၏ နောက်ဆက်တွဲအဖြစ် ဆန်အခက်အခဲကြုံတွေ့နေရသည်ဟု ကယ်ဆယ်ရေးပစ္စည်း ဝေငှပေးလျက်ရှိသည့် စေတုတ္တရာမြို့သူတစ်ဦးက ပြောသည်။

စေတုတ္တရာမြောက်ပိုင်းရှိ သွားလာရခက်ခဲသည့် ကျေးရွာများအပါအဝင် ကျေးရွာ ၃၄ ရွာမှ ဆန်ရရှိရန် စေတုတ္တရာဈေးရုံ၌ ဩဂုတ် ၂၃ ရက်က စောင့်စားနေသည်။ ယင်းကျေးရွာများသည် ရေလွှမ်းမှုမဖြစ်ပွားသော်လည်း စိုက်ခင်းများပျက်စီးပြီး မိသားစု ၃၀၄၀ ခန့် စားရေးအခက်အခဲ ရင်ဆိုင်နေရသည်။

စေတုတ္တရာမြောက်ဘက်ရှိ ကျေးရွာများသည် မူလကပင် မိုးရွာလျှင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကုန်ပစ္စည်းသယ်ယူစရိတ် ကြီးမြင့်သည်။ ရေလွှမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးသွားသည်ဟု ဒေသခံအများစုက ဆိုသည်။

ပင်းချောင်းကျေးရွာ၏ ရာအိမ်မှူးသည် စေတုတ္တရာမြို့လယ်ဈေးရုံ၌ ဝေငှနေသည့် ကယ်ဆယ်ရေးပစ္စည်းများရရှိရန် ဈေးရုံအတွင်း ဆန်အိတ်များအကြားတွင် စောင့်မျှော်လျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✪



ကြေးမုံစာတည်းရှုထောင့် ၂၈-၈-၂၀၁၅၊ သောကြာနေ့

# မဲစာရင်းကြည့်ကြပါစို့

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ ယင်းသို့နီးကပ်လာချိန်တွင် ရွေးကောက်ပွဲမကျင်းပမီ မဲပေးခွင့်ရှိသူများသည် မိမိတို့၏အမည်များ မဲဆန္ဒရှင်စာရင်းတွင် ပါ မပါ၊ မှန် မမှန် ဦးစွာကြည့်ကြဖို့ လိုပေလိမ့်မည်။

လက်ရှိတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နေ့စဉ် လူမှုဘဝထဲတွင် ရုန်းကန်လှုပ်ရှားကျင်လည်နေကြရာတွင် အချို့အနေဖြင့် အခက်အခဲအမျိုးမျိုးကြောင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အမှုမဲ့အမှတ်မဲ့နေလိုက်ကြသူများရှိသလို အချို့အနေဖြင့်လည်း ရွေးကောက်ပွဲကို စိတ်ဝင်စားမှုမရှိသူများ၊ မသိနားမလည်သူများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံနှင့်ပြည်သူလူထုတစ်ရပ်လုံးအတွက် အထူးအရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သည်ကို ဝိုင်းဝန်းအသိပေးဖို့ လိုပေလိမ့်မည်။ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေး မဆုံးရှုံးစေဖို့ ဝိုင်းဝန်းလုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော် ကာလက "မဲရုံ. . မဲရုံဆီသို့ . . သွားကြစို့" တေးသီချင်းကို သိမီလိုက်ကြသူများ ပြန်ပြောင်းသတိရကြလိမ့်မည်ဖြစ်သည်။ အဆိုပါ တေးသီချင်းသည် ပြည်သူလူထုကြားဝယ် အထပ်ထပ်စိမ့်ဝင်ပျံ့နှံ့ပြီး မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များ မဲပေးရမည့် စိတ်ဆန္ဒများ နိုးကြားတက်ကြွလာကြသည်ကို သတိရမိသည်။

ယနေ့ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲပေးခြင်း အသိအမြင်များ နည်းပါးနေသည်ကို ကြားသိနေရပါသည်။ ငါးနှစ်မှ တစ်ကြိမ်ကျင်းပသည့် ပြည်လုံးကျွတ်မဲပေးခြင်းလုပ်ငန်းစဉ်မှာ နိုင်ငံနှင့်ပြည်သူအတွက် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်၍ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိနိုင်အောင် ဆောင်ရွက်ခြင်းသည် အမျိုးသားရေးလုပ်ငန်းစဉ်ကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

တိုင်းပြည်နှင့် လူမျိုးအကျိုးကို ပြည်သူများကိုယ်စား ဆောင်ရွက်မည့် ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် လေ့လာရွေးချယ်ပြီး ဆန္ဒမဲပေးခြင်းသည် နိုင်ငံရေးတွင် ပြည်သူများ အသိစိတ်ဓာတ်ရှိစွာဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။ တစ်နည်းဆိုလျှင် နိုင်ငံ့အကျိုးအတွက် ပြည်သူတစ်ဦးချင်းအနေဖြင့် တာဝန်ကျေအောင် ပါဝင်ဆောင်ရွက်လိုက်ခြင်းလည်းဖြစ်ပါသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ် ရပ်ကွက်များတွင် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းတစ်ခုက ဦးဆောင်၍ မဲဆန္ဒရှင်များအား အသိပေးနှိုးဆော်ခြင်း လှုပ်ရှားမှုတစ်ခုကို ဩဂုတ် ၂၄ ရက်မှစတင်ကာ ၁၀ ရက်ကြာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့သောလုပ်ဆောင်မှုသည် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးအောင် အသိတရားဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် အသိအမှတ်ပြုရမည်ဖြစ်သည်။

ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဲဆန္ဒရှင်များ စိတ်ဝင်စားမှုအားနည်းနေသောကြောင့် မဲပေးနိုင်သည့် နောက်ဆုံးအတည်ပြုစာရင်းကို သွားရောက်ကြည့်ရှုရန်နှင့် ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်ပေးခြင်းဖြစ်သည်ကို သိမြင်ရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးခြင်းမဟုတ်သည်ကို ခွဲခြားသိမြင်ရမည်ဖြစ်သည်။

"မဲစာရင်းကြည့်ကြပါစို့"၊ "နိုင်ငံသားတိုင်း မဲပေးခွင့် အခွင့်အရေးရှိသည်" စသည့်အသိပေးလှုပ်ရှားမှုများနှင့်အတူ အသိပညာပေး လက်ကမ်းစာစောင်များကမ်းခြင်း၊ အသိပညာပေးဟောပြောခြင်း လှုံ့ဆော်မှုများကို မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများမစတင်မီ ယနေ့ကာလတွင် လုပ်ဆောင်ခြင်းသည် သင့်မြတ်လျော်ကန် ကောင်းမွန်မှုရှိပါသည်။

မဲဆန္ဒပေးရေး အသိပေးလှုံ့ဆော်မှုများမှာ အများပြည်သူသိရှိအောင် လုပ်ဆောင်ပေးခြင်းဖြစ်၍ ကြိုဆိုရမည်ဖြစ်သလို ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ လုပ်ငန်းများတွင် အသိတရားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဖြစ်၍ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါသည်။ ။

## မုတ္တမကမ်းလွန်လုပ်ကွက် (M-7) အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၂၇**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဩစတြေးလျနိုင်ငံအခြေစိုက် Tap Energy (M-7) Pte. Ltd. နှင့် မြန်မာနိုင်ငံမှ Smart E & P International Co., Ltd. တို့သည် မုတ္တမကမ်းလွန်ရေတိမ်ပိုင်းလုပ်ကွက် M-7 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဩဂုတ် ၂၆ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract - PSC) ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Tap Energy (M-7) Pte. Ltd. ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Douglas W.Bailey တို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Tap Energy (M-7) Pte. Ltd. ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Douglas W. Bailey နှင့် Smart E & P International Co., Ltd. မှ Managing Director ဒေါ်ရတနာစုလှိုင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သိန်း ရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန် ဒေါ်လာ ၁၁၀ ဒသမ ၇၅ သန်း သုံးစွဲမည်ဖြစ်ပြီး စာချုပ်များလက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်ပျက်စီးမှု ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ကွက်ဒေသတွင် စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

၁၉၉၅ ခုနှစ်မှ စတင်ထူထောင်ခဲ့သည့် ဩစတြေးလျနိုင်ငံအခြေစိုက် Tap Oil Ltd. သည် ဩစတြေးလျ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် ဂါနာနိုင်ငံများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှ Smart E & P International Co., Ltd. ကုမ္ပဏီသည် ကုန်းပိုင်းလုပ်ကွက် EP-5 အတွက် PT. Istech ကုမ္ပဏီနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ယခု မုတ္တမကမ်းလွန်လုပ်ကွက် M-7 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် PSC စာချုပ် လက်မှတ်ရေးထိုးခြင်းသည် ၂၀၁၃ ခုနှစ် ဧပြီလတွင် စတင်ခေါ်ယူခဲ့သော ကမ်းလွန်လုပ်ကွက် ၃၀ အတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါတွင် အောင်မြင်ခဲ့သည့် လုပ်ကွက် ၂၀အနက် နောက်ဆုံးလုပ်ကွက်အတွက် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၇**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၅၅၀၀ - ၇၅၆၅၀၀ | |
| မန္တလေး | ရွှေဈေး | ၇၅၅၇၀၀ - ၇၅၆၇၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၀. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၉၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၈၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၆. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၀၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၉၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၂. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



သဘာဝဘေး စုပေါင်းကာကွယ်ပေး

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြၤန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ရေဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အဖွဲ့အစည်း၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ် အခြေအနေတုံ့ပြန်မှုဌာန၏ ညွှန်ကြားရေးမှူး မစ္စ အီဇုမိ နာကာမိဆု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



ထိုသို့ တွေ့ဆုံရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိုးလေဝသနှင့် သတင်းအချက်အလက် နည်းပညာရှင်များနှင့်ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများ၊ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ ဆန်းစစ်ချက်များဆောင်ရွက်ပြီး ဆန်းစစ်ချက်ရလဒ်များအပေါ် အခြေခံ၍ ကာလတို၊ ကာလရှည် ပြန်လည်ထူထောင်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်သွားရေးကိစ္စ၊ ယင်းလုပ်ငန်းများဆောင်ရွက်ရန် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးကိစ္စ၊ ကုလသမဂ္ဂဗဟို အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ရန်ပုံငွေမှ မြန်မာနိုင်ငံရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ရေးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတကာအလှူရှင်များက ပေးအပ်လှူဒါန်းမှု၊ ဖြန့်ဝေပေးမှု အချက်အလက်များကို စနစ်တကျ မှတ်တမ်းထားရှိနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင်ဦးလွင်၊ ဒေါ်လဲ့လဲ့သိန်း၊ ဦးစိုးတင့်၊ ဒေါ်စုစုလှိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

☆ **ရှေ့ဖုံးမှ**

လွတ်မြောက်ရေး၊ အလယ်အလတ်အဆင့် ဝင်ငွေရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး အမျိုးသားရေးရည်မှန်းချက်များထားရှိကာ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို မဟာဗျူဟာမြောက် အစီအမံများ ရေးဆွဲချမှတ်ကာ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းသည် အဆိုပါ ရေးဆွဲထားသည့် မဟာဗျူဟာထဲမှ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်းစတင်စဉ်က မြို့နယ် သုံးမြို့နယ်၌သာ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ မြို့နယ် ၁၅ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်နိုင်ပြီးဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း မြို့နယ်ကိုးမြို့နယ်၌ စီမံကိန်းလုပ်ငန်းပေါင်း ၁၈၂၂ ခုကို ငွေကျပ် ၉ ဒသမ ၃၆ ဘီလီယံဖြင့် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးလက်ပြည်သူ ၂ ဒသမ ၄၈ သန်းကို အကျိုးပြုစေခဲ့ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်း၏ လက်တွေ့ကျသည့် အောင်မြင်မှုများကြောင့် မြို့နယ် ၆၂ မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်ရန် အီတလီနိုင်ငံအစိုးရမှ ယူရိုသန်း ၂၀ နှင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ထပ်မံကူညီပေးခဲ့ပါကြောင်း၊ ထို့ကြောင့် လူဦးရေ ခုနစ်သန်းကို ထပ်မံအကျိုးပြုစေမည်ဖြစ်ပြီး ယခင်က ကျေးရွာအုပ်စုတစ်အုပ်စုလျှင် ငွေကျပ် ၃၂ ဒသမ ၄ သန်း ထောက်ပံ့ရာမှ ယခုအခါ ၃၉ ဒသမ ၆ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးလာနိုင်ကာ စီမံကိန်းစက်ဝန်းကိုလည်း လေးနှစ်အဖြစ် တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် သုံးသပ်ဆွေးနွေးပွဲမှ ဖြည့်စွက်အကြံပြုချက်များ၊ အတွေ့အကြုံမျှဝေမှုများ၊ သင်ခန်းစာဖော်ထုတ်ချက်များသည် စီမံကိန်းအောင်မြင်စေရန်များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေသော ပကတိဖြစ်ရပ်မှန်အခြေအနေများ၊ အတွေ့အကြုံများ၊ ကျေးလက်နေပြည်သူများ၏ အသံနှင့် ခံစားချက်များအား အရှိကိုအရှိအတိုင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန တို့မှလည်း ယခုဆွေးနွေးပွဲမှ အကြံပြုချက်များကို လေးလေးနက်နက်စဉ်းစား၍ တတိယနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းဆောင်ရည်များ မြင့်မားလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့် လူထုဗဟိုပြုစီမံကိန်း အောင်မြင်စေရန်အတွက် ကမ္ဘာ့ဘဏ်အပါအဝင် သက်ဆိုင်သူအားလုံးနှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ဌာနခွဲမန်နေဂျာ မစ္စတာ အဗ္ဗဒူလ်ယေဆက်ဖ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စီမံကိန်းအကျဉ်းကို ဗီဒီယိုဆလိုက်ဖြင့် ပြသသည်။

ယင်းနောက် ဒုတိယသမ္မတက ကျေးရွာအုပ်စုပထမဆုရရှိသည့် ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ဖုန်းတွေးကျင်းကျေးရွာ၊ ကျေးရွာအုပ်စု ပထမဆုရရှိသည့် ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် လင်မလိုင်ယ်ကျေးရွာများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ကျေးရွာအုပ်စုပထမဆုရရှိသည့် နမ့်ဆန်မြို့နယ် နမ့်လင်းကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ဇယ်ဘန်ကောက်ကျေးရွာ၊ ကျေးရွာအုပ်စု ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် သဲကုန်းကျေးရွာများအား လည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ဌာနခွဲမန်နေဂျာက ကျေးရွာအုပ်စုပထမဆုရရှိသည့် ထန်းတပင်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် ကျွဲကူးကျေးရွာ၊ ကျေးရွာအုပ်စုပထမဆုရရှိသည့် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စုနှင့် ကျေးရွာပထမဆုရရှိသည့် အလုံးကြီးကျေးရွာများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆုရရှိသည့်ကျေးရွာများမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အဆိုပါခန်းမ၌ ခင်းကျင်းပြသထားသည့် လူထုဗဟိုပြုစီမံကိန်းလှုပ်ရှားမှုဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် သုံးသပ်ဆွေးနွေးပွဲကိုစတင်ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နမ့်ဆန်၊ ကျွန်းစု၊ ကန်ပက်လက်၊ ထန်းတပင်၊ ပင်လည်ဘူး၊ စေတုတ္တရာ၊ လေးမျက်နှာ၊ အမ်းနှင့် တပ်ကုန်းမြို့နယ်များမှ ကိုယ်စားလှယ်များက လူထုဗဟိုပြုစီမံကိန်းများဆောင်ရွက်ခဲ့မှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက တင်ပြချက်များအပေါ် မေးမြန်းဆွေးနွေးကြသည်။

ယနေ့မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုအနေအထားကို ခြုံငုံသုံးသပ်ရာတွင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းလာပြီး နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၃၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သည်။ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့်အညီ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကုလသမဂ္ဂမှ ချမှတ်ထားသည့် ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## သီရိလင်္ကာနိုင်ငံသံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၂၈**

မစ္စတာ ကေ ဒဗလျူ အင်န် ဒီ ကရူနာရတ်နေ အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ကေ ဒဗလျူ အင်န် ဒီ ကရူနာရတ်နေသည် ၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး သချာ၊ စီးပွားရေးနှင့် ပထဝီဝင်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ တိုင်းတာရေးနှင့်မြေပုံရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ဒီပလိုမာကိုလည်းကောင်း၊ ကိုလံဘိုတက္ကသိုလ်မှ လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ သီရိလင်္ကာနိုင်ငံ ပြည်တွင်းအခွန်ဦးစီးဌာနတွင် အခွန်ဦးစီးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မြေတိုင်းဦးစီးဌာနတွင် လက်ထောက်ကြီးကြပ်ရေးမှူး/ကြီးကြပ်ရေးမှူး၊ ဒုတိယမြေတိုင်းမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မြေတိုင်းဦးစီးဌာနတွင် အကြီးတန်းဒုတိယမြေတိုင်းမှူးချုပ်နှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တွဲဖက်မြေတိုင်းမှူးချုပ်အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လက်ရှိသမ္မတမှ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုယ်ရေးအတွင်းဝန်နှင့် ၂၀၁၅ ခုနှစ်၌ လက်ရှိသမ္မတမှ ကာကွယ်ရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်ရာတွင် ကာကွယ်ရေးညှိနှိုင်းရေးအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးထွန်းကားသည်။

**(သတင်းစဉ်)**

## ရေဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်မှုဌာန၏ ညွှန်ကြားရေးမှူး မစ္စ အီဇုမိ နာကာမိဆုသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေဘေးအန္တရာယ် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်မော်မော် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၈**

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မော်မော်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၅၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**(၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၂၇ ရက်)**

## နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၈/၂၀၁၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာထားပြီး နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကိုလည်း စိစစ်ခွင့်ပြုခဲ့သည်။

၂။ နိုင်ငံရေးပါတီများမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန် မိမိတို့ပါတီ၏ မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်များကို ၈-၉-၂၀၁၅ ရက်နေ့မှ ၆-၁၁-၂၀၁၅ ရက်နေ့အထိ ခွင့်ပြုပေးရန်ရှိပါသည်။ နိုင်ငံရေးပါတီများက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် သတ်မှတ်ခွင့်ပြုပေးသည့်ရက်မတိုင်မီ အနည်းဆုံး(၇)ရက်ကြိုတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့်လျှောက်ထားရမည်။ ခွင့်ပြုမိန့် လျှောက်ထားသည့်စာမူသည် (A4) အရွယ်အစားစက္ကူ (၇)မျက်နှာထက် မပိုစေရ။

၃။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီတစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့် စာမူကို လိုအပ်သလိုစိစစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍-

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်းသို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန် ခွင့်ပြုသည့် ပုဂ္ဂိုလ်၏ အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်။

(ဂ) ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြလျက် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီတစ်ခုအား-

(က) ရေဒီယိုအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။

(ခ) ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။

(ဂ) ပါတီ၏သီချင်းများကိုလည်း ဟောပြောရန်ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်း ထုတ်လွှင့်ခွင့်ပြုမည်။

(ဃ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (News Channel)၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အောက်ဖော်ပြပါဇယားအတိုင်း ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ပါသည်-**

| စဉ် | ဟောပြောမည့်နိုင်ငံရေးပါတီ | ရုပ်သံ/ရေဒီယိုထုတ်လွှင့်မည့်ရက် | | သတင်းစာတွင် ဖော်ပြမည့်ရက် |
|---|---|---|---|---|
| | | ပထမအကြိမ် | ဒုတိယအကြိမ် | |
| ၁။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(မ. တ. ဖ. ပ)<br>တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈-၉-၂၀၁၅ | ၈-၁၀-၂၀၁၅ | ၉-၉-၂၀၁၅ |
| ၂။ | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ<br>ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ<br>ဒီမိုကရက်တစ်ပါတီ(မြန်မာ) | ၉-၉-၂၀၁၅ | ၉-၁၀-၂၀၁၅ | ၁၀-၉-၂၀၁၅ |
| ၃။ | ကယန်းအမျိုးသားပါတီ<br>ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ<br>ကရင်ပြည်သူ့ပါတီ | ၁၀-၉-၂၀၁၅ | ၁၀-၁၀-၂၀၁၅ | ၁၁-၉-၂၀၁၅ |
| ၄။ | “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ<br>တအာင်း(ပလောင်)အမျိုးသားပါတီ<br>မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ | ၁၁-၉-၂၀၁၅ | ၁၁-၁၀-၂၀၁၅ | ၁၂-၉-၂၀၁၅ |
| ၅။ | ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ<br>ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ<br>ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) | ၁၂-၉-၂၀၁၅ | ၁၂-၁၀-၂၀၁၅ | ၁၃-၉-၂၀၁၅ |
| ၆။ | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ<br>(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ<br>ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ<br>အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၁၃-၉-၂၀၁၅ | ၁၃-၁၀-၂၀၁၅ | ၁၄-၉-၂၀၁၅ |
| ၇။ | ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ<br>ဝံသာနုဒီမိုကရက်တစ်ပါတီ<br>ခေတ်သစ်ပြည်သူ့ပါတီ | ၁၄-၉-၂၀၁၅ | ၁၄-၁၀-၂၀၁၅ | ၁၅-၉-၂၀၁၅ |
| ၈။ | ပြည်ထောင်စုဒီမိုကရေစီပါတီ<br>မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ<br>ချင်းတိုးတက်ရေးပါတီ | ၁၅-၉-၂၀၁၅ | ၁၅-၁၀-၂၀၁၅ | ၁၆-၉-၂၀၁၅ |
| ၉။ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>“ဝ” ဒီမိုကရက်တစ်ပါတီ<br>ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ | ၁၆-၉-၂၀၁၅ | ၁၆-၁၀-၂၀၁၅ | ၁၇-၉-၂၀၁၅ |
| ၁၀။ | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ<br>တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ | ၁၇-၉-၂၀၁၅ | ၁၇-၁၀-၂၀၁၅ | ၁၈-၉-၂၀၁၅ |
| ၁၁။ | ကမန်အမျိုးသားတိုးတက်ရေးပါတီ<br>ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ | ၁၈-၉-၂၀၁၅ | ၁၈-၁၀-၂၀၁၅ | ၁၉-၉-၂၀၁၅ |
| ၁၂။ | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီကချင်ပြည်နယ်(စဒက)<br>ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ | ၁၉-၉-၂၀၁၅ | ၁၉-၁၀-၂၀၁၅ | ၂၀-၉-၂၀၁၅ |
| ၁၃။ | ပြည်သူ့ဒီမိုကရေစီပါတီ<br>အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ<br>ဗမာပြည်သူ့ပါတီ | ၂၀-၉-၂၀၁၅ | ၂၀-၁၀-၂၀၁၅ | ၂၁-၉-၂၀၁၅ |
| ၁၄။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ<br>မြန်မာအမျိုးသားကွန်ဂရက်ပါတီ | ၂၁-၉-၂၀၁၅ | ၂၁-၁၀-၂၀၁၅ | ၂၂-၉-၂၀၁၅ |
| ၁၅။ | ကရင်ဒီမိုကရက်တစ်ပါတီ<br>မြို့တိုင်းရင်းသားပါတီ<br>တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂-၉-၂၀၁၅ | ၂၂-၁၀-၂၀၁၅ | ၂၃-၉-၂၀၁၅ |
| ၁၆။ | အရှိုချင်းအမျိုးသားပါတီ<br>ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၂၃-၉-၂၀၁၅ | ၂၃-၁၀-၂၀၁၅ | ၂၄-၉-၂၀၁၅ |
| ၁၇။ | မွန်အမျိုးသားပါတီ<br>ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ<br>ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ၂၄-၉-၂၀၁၅ | ၂၄-၁၀-၂၀၁၅ | ၂၅-၉-၂၀၁၅ |
| ၁၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ<br>ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ | ၂၅-၉-၂၀၁၅ | ၂၅-၁၀-၂၀၁၅ | ၂၆-၉-၂၀၁၅ |
| ၁၉။ | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)<br>ကယားလူမျိုးစုဒီမိုကရေစီပါတီ<br>အမျိုးသားတိုးတက်မြင့်မားရေးပါတီ | ၂၆-၉-၂၀၁၅ | ၂၆-၁၀-၂၀၁၅ | ၂၇-၉-၂၀၁၅ |
| ၂၀။ | ကချင်ပြည်နယ် ဒီမိုကရေစီပါတီ<br>ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၂၇-၉-၂၀၁၅ | ၂၇-၁၀-၂၀၁၅ | ၂၈-၉-၂၀၁၅ |
| ၂၁။ | ထားဝယ်တိုင်းရင်းသားများပါတီ<br>ဖက်ဒရယ်ပြည်ထောင်စုပါတီ<br>ကချင်ဒီမိုကရက်တစ်ပါတီ | ၂၈-၉-၂၀၁၅ | ၂၈-၁၀-၂၀၁၅ | ၂၉-၉-၂၀၁၅ |
| ၂၂။ | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ. အ. မ. ဖ)ပါတီ<br>ရခိုင်အမျိုးသားပါတီ<br>ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၉-၉-၂၀၁၅ | ၂၉-၁၀-၂၀၁၅ | ၃၀-၉-၂၀၁၅ |
| ၂၃။ | ခူမီး(ခမီး)အမျိုးသားပါတီ<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ<br>ကရင်အမျိုးသားပါတီ | ၃၀-၉-၂၀၁၅ | ၃၀-၁၀-၂၀၁၅ | ၁-၁၀-၂၀၁၅ |
| ၂၄။ | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ<br>မြို့အမျိုးသားဒီမိုကရေစီပါတီ<br>ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ | ၁-၁၀-၂၀၁၅ | ၃၁-၁၀-၂၀၁၅ | ၂-၁၀-၂၀၁၅ |
| ၂၅။ | ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ<br>လမ်းပြကြယ်ပါတီ<br>ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ | ၂-၁၀-၂၀၁၅ | ၁-၁၁-၂၀၁၅ | ၃-၁၀-၂၀၁၅ |
| ၂၆။ | လူ့ဘောင်သစ်ပါတီ<br>အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ<br>၈၈ မျိုးဆက်ဒီမိုကရေစီပါတီ | ၃-၁၀-၂၀၁၅ | ၂-၁၁-၂၀၁၅ | ၄-၁၀-၂၀၁၅ |
| ၂၇။ | စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ<br>လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ<br>ခေတ်သစ်ပြည်ထောင်စုပါတီ | ၄-၁၀-၂၀၁၅ | ၃-၁၁-၂၀၁၅ | ၅-၁၀-၂၀၁၅ |
| ၂၈။ | ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ<br>မဟာမိတ်တောင်သူလယ်သမားပါတီ<br>အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅-၁၀-၂၀၁၅ | ၄-၁၁-၂၀၁၅ | ၆-၁၀-၂၀၁၅ |
| ၂၉။ | ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ<br>အမျိုးသားတိုးတက်ရေးပါတီ<br>အမျိုးသမီးပါတီ(မွန်)<br>ရခိုင်မျိုးချစ်ပါတီ | ၆-၁၀-၂၀၁၅ | ၅-၁၁-၂၀၁၅ | ၇-၁၀-၂၀၁၅ |
| ၃၀။ | စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ<br>ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ<br>ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ<br>မြန်မာနိုင်ငံလုံးဆိုင်ရာကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇-၁၀-၂၀၁၅ | ၆-၁၁-၂၀၁၅ | ၈-၁၀-၂၀၁၅ |

**မှတ်ချက်။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံရေးပါတီ အစီအစဉ်အတိုင်း ရိုက်ကူးထုတ်လွှင့် ဖော်ပြခြင်းဖြစ်ပါသည်။**

❖ စာမျက်နှာ ၄ မှ

၆။ နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှုပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကိုဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု ပြုလုပ်ခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခ ဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံး လှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း။

၇။ နိုင်ငံရေးပါတီများသည် မိမိတို့၏ မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ ဟောပြော မဲဆွယ်စည်းရုံးကြရမည်ဖြစ်ပါသည်။

၈။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် စည်းရုံးမဲဆွယ်ရန် ကိစ္စ အလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြော တင်ပြမှုများပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန် ဖြစ်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. GautamMukhopadhaya အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

jynax mipo rwjrer mEi iawm
jynax mipa&;aumuyaumr&i

**ကြေညာချက်အမှတ် (၅၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ်(၄) (သပြေကုန်း)ရပ်ကွက် မင်းစောမွန်လမ်း အမှတ်(၅၉၃)တွင် ပါတီရုံးချုပ်(ယာယီ) ဖွင့်လှစ်ထားရှိသော **ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**အား ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၀) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❂ မနက်ဖြန်မှ

ရွာသားများပြောပြချက်အရ ရေလျှံမှုကြောင့် ရွာသို့ ရောက်ရှိနိုင်သည့် လှည်းလမ်းများနှင့် မုန်းချောင်းကို အမှီပြုစိုက်ပျိုးထားသည့် စပါးခင်းများ ပျက်စီးသွားခဲ့ကြောင်း၊ ပင်းချောင်း ကျေးရွာအတွက် လက်ရှိတွင်အခက်ခဲဆုံးပြဿနာမှာ ဆန်ရရှိရန်ပင် ဖြစ်ကြောင်း သိရသည်။

"အခက်ခဲဆုံးကတော့ စားဖို့ ဆန်က အခက်ခဲဆုံးပါ။ ဩဂုတ် ၂၂ ရက်က ဆန်အိတ် ၂၆ အိတ်ပဲရသေးတယ်။ ဒါပထမဆုံးရတဲ့ အလှူပါ" ဟု ပင်းချောင်းရွာ၏ရာအိမ်မှူးက ပြောသည်။

ပင်းချောင်း ကျေးရွာသည် စေတုတ္တရာမြို့နယ်တွင် ပါဝင်ပြီး မြို့နှင့် မိုင်သုံးဆယ်ကွာဝေးပြီး ဆောမြို့ အစပ်တွင် တည်ရှိသည်။ လူဦးရေ ၁၇၄ ဦးနှင့် အိမ်ခြေ ၃၈ အိမ်ရှိသည်။ ဇူလိုင်လနှင့် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် စေတုတ္တရာ ရေကြီးမှုတွင် ပင်းချောင်းရွာသည် ရေနစ်မြုပ်ခဲ့ခြင်း မရှိပေ။ ဖုန်းလိုင်းမရှိသည့် ပင်းချောင်းရွာသည် နွေရာသီတွင် လှည်းလမ်း ဖြင့်သာ သွားလာနိုင်သည်။

ယခင်က ပင်းချောင်းသည် ဆန်ကို ဆောမြို့သို့ သွားရောက်ဝယ်ယူသော်လည်း မုန်းချောင်းရေလျှံမှုကြောင့် လမ်းများပျက်စီးကုန်သည်။ စေတုတ္တရာသို့ သွားရောက်ရန်လည်း ကားလမ်းပေါက်သည့် နေရာအထိ ရှစ်မိုင်ကျော် လမ်းလျှောက်ရသည်။ စေတုတ္တရာမှ ပင်းချောင်းတည်ရှိရာ အနီးစပ်ဆုံး ကားလမ်းသို့ ကုန်ကားငှားခမှာ တစ်သိန်းနှစ်သောင်းကျပ်ကျသည်။

သယ်ယူစရိတ် ကြီးမြင့်သဖြင့် အလှူရရှိသည့် ဆန်အိတ်များကို ကုန်ကားတစ်စီးတိုက် ပစ္စည်းရရှိမှသာ ရွာသို့သယ်နိုင်မည်ဖြစ်သည်။ ကားလမ်းမပေါက်သည့် ရှစ်မိုင်ခရီးအတွက် အလှူရသည့်ဆန်ကို ရွာသားများက တစ်အိမ်တစ်ယောက်နှုန်းကျ လူထမ်းဖြင့် လမ်းလျှောက်သယ်ကြရမည်ဟု ရာအိမ်မှူးက ပြောပြသည်။

"ကားငှားခရဖို့ ရွာကလူတွေဆီက စေတနာရှိသလောက် အလှူထည့်ကြပါဆိုပြီးငွေစုပြီးမှ မြို့ပေါ်လာရတာ။ရောက်နေတာ သုံးရက်ရှိပြီ" ဟု ပင်းချောင်းရာအိမ်မှူးက ဆက်လက်ပြောသည်။

ကယ်ဆယ်ရေးပစ္စည်း ဝေငှပေးလျက်ရှိသည့် စေတုတ္တရာမြို့သူ ဒေါ်ညိုညိုဦးက ရေဘေးဒဏ်ခံ ကျေးရွာ ၃၄ ရွာအတွက် ရက်ပေါင်း ၃၀ ခန့်အထိသာစားရန် ဆန်ကို ဝေငှပေးနိုင်ခဲ့သည်ဟု ပြောသည်။ မူလလယ်မြေများ ပြန်လည်စိုက်ပျိုးရန်အတွက်မူ အချိန်သုံးလလောက် ကြာမြင့်လိမ့်မည်ဟု ၎င်းကခန့်မှန်းသည်။

"အလှူရှင်တွေကို ဆန်ကိုပဲ အဓိကထားပြီး လှူပေးဖို့ ပြောထားပါတယ်။ လုံလောက်မှုရှိသလား ဆိုရင်တော့ ဘေးသင့်သွားတဲ့ ရွာတွေကများတော့ ထောက်ပံ့မှုတွေ လိုအပ်မှာပါ။ အလှူရှင်တွေကို ဆက်သွယ်နေပါတယ်။ လှူဒါန်းသူတွေ ရပ်သွားတဲ့နေ့ကျရင်တော့ အလှူက ရပ်သွားမှာပါ"ဟု ပြောသည်။

စေတုတ္တရာမြို့တွင် ရပ်ကွက် (၂) ရပ်ကွက်နှင့် ကျေးရွာ ၁၁၇ ရွာရှိသည်။ မြို့အထက် နှစ်မိုင်ခန့်တွင် မုန်းချောင်းတမံနှင့် မြို့အောက် မိုင် ၂၀ ခန့်အကွာ ကြီးအုံကြီးဝ ဆည်တမံကြားတွင် တည်ရှိသည့် ချိုင့်ဝှမ်းဆန်သော မြို့ဖြစ်သည်။

ဇူလိုင်လအတွင်းက မုန်းချောင်း မြစ်ဖျားခံရာ ချင်းပြည်နယ်တွင် နှစ်ငါးဆယ်ကျော်အတွင်း စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မုန်းချောင်း ဖြတ်သန်းစီးဆင်းရာ စေတုတ္တရာမြို့သည် မိုးသည်းထန်မှုနှင့် တောင်ကျရေများကြောင့် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၆ ရက်အထိ ရေလျှံမှုဒဏ်ကို ခံစားခဲ့ရသည်။ ရေတက်စဉ်က တစ်နာရီ တစ်ပေခန့်အထိ ရေတက်နှုန်းမြန်ဆန်ခဲ့ပြီး မြို့လယ်ကောင်သို့ ရေအမြင့် ၁၃ ပေခန့်အထိ ရောက်ရှိခဲ့သည်ဟု မြို့ခံများက ပြန်လည်ပြောသည်။ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးမှာ ပွင့်ထောက်၊ ငလဲနှင့် လယ်ကိုင်း ကျေးရွာများ ဖြစ်သည်။



စေတုတ္တရာမြို့အဝင်လမ်းဘေးရှိ မရိတ်သိမ်းရသေးသည့် နှမ်းခင်းများ၏ ရေလွှမ်းပြီးနောက် အခြေအနေ။

ရေလျှံမှုနှင့်အတူရေများဖုံးလွှမ်းခြင်းကြောင့် ရွှံ့ညွန်များတင်ကျန်ခဲ့ရသည့် စေတုတ္တရာမြို့အား ဩဂုတ် ၁၀ ရက်မှ စတင်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု မြို့နယ်အာဏာပိုင်များက ဆိုသည်။ စီမံခန့်ခွဲရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံအနှံ့မှ ရရှိလာသည့် ကယ်ဆယ်ရေး အလှူပစ္စည်းများအား ရေနစ်မြုပ်မှုအပေါ် မူတည်ပြီး အဆိုးဆုံး၊ အသင့်အတင့်နှင့် အပေါ်ယံ နစ်မြုပ်ဟူ၍ အမျိုးအစားသုံးခုခွဲပြီး ဝေငှပေးနေကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရေဘေးသင့်ပြည်သူများ ရှေ့ဆက်ရပ်တည်နိုင်ရန်အတွက် စားရေး၊ နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကို အစိုးရက ဦးဆောင်ပြီး ဆောင်ရွက်ရမည်ဟု ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်၌ ပြုလုပ်သည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

သက်ဆိုင်ရာမှ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးအဆင်ပြေစေရန်အတွက် အဓိကထားဆောင်ရွက်နေသည်ဟု သိရသည်။ ယခင်က လမ်းပန်းမကောင်းသည့် နေရာဒေသများကိုပါ ဆက်သွယ်သွားလာနိုင်ရန် ကျေးရွာလူထုနှင့် သက်ဆိုင်ရာပူးပေါင်းကာ ပြင်ဆင်လျက်ရှိနေသည်ဟု စေတုတ္တရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဖုန်းဖြင့် ဆက်သွယ်မေးမြန်းချက်ကို အကြောင်းပြန်ခဲ့သည်။

"ပွင့်ထောက်၊ ငလဲနဲ့ လယ်ကိုင်းတို့က ပျက်စီးမှုပိုများတယ်။ လမ်းပိုင်းတွေက အများကြီး ပျက်စီးသွားတယ်။ ကျေးလက်လမ်းတွေပါ။ ချောင်းကူးတံတားတွေ ပျက်စီးတယ်။ အရင်တုန်းက လမ်းမပေါက်တဲ့နေရာ တော်တော်များများကို လမ်းပေါက်အောင်လုပ်ထားပြီးပြီ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ဩဂုတ် ၂၃ ရက်က ရေလွှမ်းနစ်မြုပ်မှုနှင့် ပတ်သက်သည့် အချက်အလက်များ ရယူရန် စေတုတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်ရာ တနင်္ဂနွေနေ့ပင်ဖြစ်လင့်ကစား ဝန်ထမ်းများ ရုံးတက်အလုပ်လုပ်လျက်ရှိနေကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးအား တိကျသည့် ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက် အတိအကျရရှိရန် ဆက်သွယ်ခဲ့သော်လည်း ကျေးရွာများသို့ သွားရောက်ကွင်းဆင်းနေသည်ဟု အကြောင်းပြန်လာသောကြောင့် ယခုချိန်အထိ တိကျသည့် ပျက်စီးဆုံးရှုံးမှုနှင့် အချက်အလက်များ မသိရှိခဲ့ရပေ။

စေတုတ္တရာလူငယ်ကွန်ရက်မှ ကိုဝင်းမြင့်ထွေးက "အလှူရှင်တွေက သတင်းအချက်အလက်ကို အတိအကျမယူကြဘူး။ အုပ်ချုပ်သူတွေကလည်း သတင်းအချက်အလက်ကို အတိအကျ မပေးနိုင်ဘူး။ ပျက်စီးမှုခြင်းအတူတူ တချို့ရွာတွေမှာ မမျှော်မှန်းနိုင်တဲ့ အလှူပစ္စည်းတွေရရှိနေပြီးတချို့ရွာတွေမှာတော့ အလှူပစ္စည်း မရခဲ့တာတွေရှိတယ်" ဟု လက်ရှိ အခြေအနေကို သုံးသပ်သည်။

## ဥတုရာသီ တောကိုမှီ၏

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရေးဆောင်ရွက်ထားရှိမှု လွှတ်တော်တွင် ရှင်းလင်းတင်ပြ သဘောတူစာချုပ်အား အများပြည်သူအနေနှင့် ကျယ်ပြန့်စွာ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်အနေနှင့် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဖြစ်ပွားနေခဲ့သော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြပါကြောင်း၊ သို့သော် မိမိတို့ တိုင်းပြည်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအများစုမှာ နိုင်ငံရေးပြဿနာများအပေါ်တွင် အခြေခံပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဆိုသည့်အချက်ကို အကြောင်းအမျိုးမျိုးကြောင့် အဖြေရှာခြင်း မပြုနိုင်ခဲ့ပါကြောင်း။

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ကနဦးဆုံးဆောင်ရွက်ရသည့်ကိစ္စမှာ နှစ်ဖက်တိုက်ခိုက်နေမှုများ လျှော့ကျရန်နှင့် ရပ်စဲနိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်စဉ်အားလုံးကို လေ့လာကြည့်ရှုပါက ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးအဆင့်တွင် အစိုးရ၊ အစိုးရတပ်မတော်နှင့် လက်နက်ကိုင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများ စေ့စပ်ညှိနှိုင်းရေးကို အဓိကလုပ်ဆောင်ရလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ လျှော့ချရပ်ဆိုင်းနိုင်မှသာ နိုင်ငံရေးဆွေးနွေးမှုများကို တည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်အောင်ကျင်းပနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအား အဆုံးသတ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနှင့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ လက်နက်ကိုင်ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာရန် တရားဝင်ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများကို ပိုမိုအားကောင်းစွာ လုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (Union Peace-making Central Committee) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-making Work Committee)ကို ၂၀၁၂ ခုနှစ် မေလ ၃ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသောအားဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့တွင် လွှတ်တော်များမှ ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းထားရှိပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီတွင် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများ အဖွဲ့ဝင်အဖြစ် ပါဝင်ပါကြောင်း။

ထိုတာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် နိုင်ငံတော်သမ္မတ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များကို လက်ခံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၅)ဖွဲ့နှင့် နှစ်ဖက်သဘောတူညီချက်စာချုပ် (Bilateral Agreements) (၃၉)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ လိုင်ဇာညီလာခံတွင် ဖွဲ့စည်းထားသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းနှင့် စပ်လျဉ်း၍ ပူးပေါင်းညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်သမ္မတမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နေပြည်တော်သို့ ဖိတ်ကြားပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး (Deed of Commitment for Peace and National Reconciliation) အတွက် ကတိကဝတ်ပြုခြင်းဟုခေါ်သည့် လက်မှတ်ရေးထိုးခြင်း ပြုလုပ်ခဲ့ပါကြောင်း။ အဆိုပါလက်မှတ်ရေးထိုးခြင်းတွင် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌကြီးများကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ၁၇ လအကြာ ပူးပေါင်းညှိနှိုင်းမှုများကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါကြောင်း။

သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကရင်ပြည်နယ် လော်ခီးလာတွင် ညီလာခံကျင်းပပြီး သဘောတူညီထားသော အတည်ပြုမူကြမ်းကို ပြင်ဆင်မှုပြုလုပ်ရန် အချက်(၁၃)ချက်ကို တင်ပြလာပါကြောင်း။

အစိုးရအနေဖြင့် တိုင်းပြည်၏အကျိုး၊ ပြည်သူလူထု၏အကျိုးတို့ကို ဦးထိပ်ထား၍ ငြိမ်းချမ်းရေးရရှိရေးကို ဦးတည်စဉ်းစားကာ သဘောတူပြီးသားအချက်များကို တိုင်းရင်းသားလက်နက်ကိုင်တို့၏ တောင်းဆိုမှုအတိုင်း ထပ်မံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (Senior Delegation) တို့သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းတွင် ပါရှိသည့် အချက်ကြီး(၃၃)ချက်အပေါ် စာချုပ်မူချောအဖြစ် သဘောတူညီမှု ရရှိခဲ့ပါကြောင်း။

ယခုအချိန်တွင် အဆိုပါတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အား အများပြည်သူအနေနှင့် ကျယ်ပြန့်စွာ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း ပိုမိုကျယ်ပြန့်စွာ သိရှိကြပြီးဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် သဘောတူညီထားသည့် အချက်များအားလုံးသည် ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားသူများအားလုံး လက်ခံနိုင်မည့်အချက်များဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့်လည်း ဆွေးနွေးမှုရလဒ်များ အားလုံးကိုလည်း ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ထို့ပြင် စာချုပ်၏ အခန်း(၆)၊ အပိုဒ်(၂၆)တွင်လည်း "ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်"ဟူ၍ ထည့်သွင်းသဘောတူညီထားပြီးဖြစ်ပါကြောင်း၊ အခြားနိုင်ငံများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း လုပ်ရိုးလုပ်စဉ်ရှိသည့်အတိုင်း သဘောတူလက်မှတ်ရေးထိုးပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်သို့ စာချုပ်ကို တင်သွင်း၍ အတည်ပြုချက်ရယူသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ငါးဦးက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးခဲ့ကြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်အောက်တွင် ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြုစာချုပ်အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော Maritime Labour Convention 2016 သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရှင်းလင်းတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

■

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး(၈၉)ကြိမ်တွင် ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၆၆၆ ခု ဖြေကြားနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၉)ရက်မြောက်နေ့ကို ယနေ့ နံနက် (၁၀) နာရီတွင် ကျင်းပပြီး ဥပဒေကြမ်း ၅ ခုကို အတည်ပြုခြင်းနှင့် အသိပေးခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် **စက်မှုလုပ်ငန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်း**နှင့် **ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်း** တို့ကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြား၍ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၈၉)ကြိမ် ကျင်းပခဲ့ရာ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၇၉၃ ခုအနက် ၁၆၆၆ ခု ဖြေကြားနိုင်ခဲ့သည့်အပြင် အဆို ၂၅ ခုနှင့် အရေးကြီးအဆိုတစ်ခု တင်သွင်းနိုင်ခဲ့သည်။ အလားတူဥပဒေကြမ်း ၉၆ ခုအနက် ဥပဒေပေါင်း ၈၀ ကို ဆွေးနွေးခဲ့ပြီး ကျန် ၁၆ ခုမှာ လွှတ်တော်အတွင်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကန်ကြီးထောင့်မြို့နယ်တွင် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်း

**ကန်ကြီးထောင့် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေမြင့်တက်ခဲ့မှုကြောင့် မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအချို့မှ လူနေအိမ်များတွင် ရေဝင်နစ်မြုပ်မှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၁၂ ခုဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဒါးကမြစ်ရေသည် ဩဂုတ် ၂၅ ရက်တွင် ပြန်လည်ကျဆင်းခဲ့သဖြင့် ရေဘေးသင့်ပြည်သူများသည် ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ ကယ်ဆယ်ရေးစခန်းများအား ယင်းနေ့မှစ၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေများ ဆက်သွယ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီနိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝင် ၂၅ ဦး ပါဝင်သည့် ထိုင်းတပ်မတော်ဆေးဝါး ကုသရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံမှ အရေးပေါ်ထောက်ပံ့ရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၆၂၇၀၀၀ သုံးစွဲရန် ခွဲဝေချထားကြောင်း၊ ၎င်းအလှူငွေများအား နိုင်ငံတကာကြက်ခြေနီကော်မတီနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ၎င်းတို့သည် ဘီးလင်းမြို့၊ ကျိုက်ထိုမြို့များရှိ ရေဘေးသင့်ပြည်သူ ၃၉၀၀ ထံသို့ အစားအသောက်နှင့် သောက်ရေသန့်များအား မော်လမြိုင်မြို့တွင် အခြေစိုက်သည့် ဆွစ်ဇာလန်အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့မှတစ်ဆင့် သွားရောက်လှူဒါန်းပြီးဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ Join Together Society (JTS) အမည်ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းကလည်း မြန်မာသံရုံး ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ လှူဒါန်းသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဩဂုတ် ၂၆ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရမည့် အရေအတွက်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ လူပေါင်း ၇၆ သန်းဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဇွန်လတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံ၌ လူပေါင်း ၇၈ ဒသမ ၉ သန်းအထိ တိုးမြင့်လာကြောင်း၊ ICRC၊ IFRC၊ MSF၊ ကုလသမဂ္ဂအဖွဲ့အစည်းအတွင်းနှင့် ပြင်ပမှ လှူဒါန်းသော စုစုပေါင်းရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံဖြစ်ရာ ၂၀၁၄ ခုနှစ်တွင် ရရှိငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် နည်းပါးကြောင်း၊ မြန်မာနိုင်ငံအတွင်း ရန်ပုံငွေလိုအပ်မှုသည် အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၅ သန်း ဖြစ်သော်လည်း ၄၁ ရာခိုင်နှုန်းဖြစ်သော ၇၇ ဒသမ ၄ သန်းသာရရှိထားကြောင်း OHCHA မှ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအတွက် ရန်ပုံငွေရရှိ/လိုအပ်မှုများနှင့် စပ်လျဉ်း၍ ဩဂုတ် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်း/အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် အလှူငွေများအနက် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ငွေစာရင်းသို့ လွှဲပြောင်းပြီးနှင့် ငွေစာရင်းသို့ဝင်ရန် ကျန်ရှိနေသေးသည့် လှူဒါန်းငွေများစာရင်း (၂၆-၈-၂၀၁၅ ရက်နေ့အထိ)**

| ငွေကြေးအမျိုးအစား | ကန်ဒေါ်လာ | | ယူရိုငွေ | | ထိုင်းဘတ် | | ယွမ် | |
|---|---|---|---|---|---|---|---|---|
| | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် | လွှဲပြောင်းပြီး | ဝင်ရန်ကျန် |
| | ၄၆၈၀၀၆ | - | ၁၃၉၆၃ | - | ၆၈၀၀၀၀၀ | ၇၀၀၀၀၀၀ | ၅၀၀၀ | ၅၀၀၀၀၀၀ |
| **စုစုပေါင်း** | **၄၆၈၀၀၆** | | **၁၃၉၆၃** | | **၁၃၈၀၀၀၀၀** | | **၅၀၀၅၀၀၀** | |



## မိုးညိုမြို့၌ ရေဘေးသင့်ပြည်သူများအားလှူဒါန်း

**မိုးညို ဩဂုတ် ၂၇**

တရုတ်-မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော မင်္ဂလာမဂ္ဂဇင်း (ရန်ကုန်ရုံးခွဲ)မှ ဦးဆောင်၍ တရုတ်ကုမ္ပဏီမိသားစုများက ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား အဝတ်အထည်၊ စားသောက်ဖွယ်ရာ၊ လူအသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးဝယ်ယူရန်ငွေကြေးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မင်္ဂလာမဂ္ဂဇင်းရုံးမှ ဦးဆောင်၍ တရုတ်ကုမ္ပဏီများဖြစ်သည့် China Cuming International Logistics & Finance Association၊ CITTC (Myanmar) Co,.Ltd.၊ Zhejiang Association of China နှင့်စွန်မင်းပေါင်ဝှာဘုရားကျောင်းတို့မှ အလှူရှင်မိသားစုများသည် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁နာရီတွင် မိုးညိုမြို့မရပ်ကွက် ရွှေမကျည်းပင်လမ်းရှိ ဓမ္မိကပရိယတ္တိစာသင်တိုက်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ မင်္ဂလာမဂ္ဂဇင်း ရန်ကုန်တာဝန်ခံ MENG (ခ) ဒေါ်ကြည်လင်းနှင့် တရုတ်နိုင်ငံသားပိုင် ကုမ္ပဏီမိသားစုများက ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ ရေဘေးသင့်မိသားစုအိမ်ထောင်စုဝင် ၅၀၀ အတွက် ဆန်၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာ၊ လူသုံးကုန်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၇**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ၊ ကျောင်းစိမ်းလုံချည်၊ စားသောက်ကုန်မျိုးစုံ၊ အိမ်သုံးပန်းကန်မျိုးစုံ၊ အဝတ်အထည်၊ ဆန်၊ ဆေးမျိုးစုံနှင့် ငါးသေတ္တာများကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက**

၂၀၁၅ ခုနှစ် ဩဂုတ် ၂၇ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၈၁၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၄၈၀၉၂ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၄၃၃၇၅ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၈၃၇၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၂၆၂၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၃၄၃၇ | ၇၆၇၈၇ | ၄၀၄၈၆ | ၅၅၈၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၃ | ၂၆၅၃ | ၃၁၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၃၄၄၅၃ | ၂၄၇၁၃၃ | ၁၉၉၃၇၄ | ၉၅၆၄ |
| | **စုစုပေါင်း** | **၁၄၄၅၉၈၀** | **၁၃၄၃၆၄၄** | **၁၁၀၄၄၅၆** | **၈၁၅၇၃၁** | **၃၂၄၁၉၈** |



## မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၂၇**

မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ဇီဝိတဒါနဆေးခန်း ပရဟိတဆေးကုအဖွဲ့သည် ညောင်တုန်းမြို့နယ်နှင့် ရေမိုင်ခုနစ်မိုင်ခန့်ကွာဝေးသော စွန်တနီကျေးရွာရှိ ချမ်းမြေ့ရိပ်ငြိမ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဩဂုတ် ၂၃ ရက်က အနော်ဇာကုန်း၊ ပါလတ်၊ လှည်းဆိပ်၊ မနဲ့ကုန်း၊ ကွမ်းခြံကုန်း၊ ချောင်းကြားနှင့် စွန်တနီကျေးရွာများမှ ဒေသခံလူနာ ၃၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသမည့်အစီအစဉ်အား ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကြိုတင်သတိပေးချက်အရ လူနာများ လာရောက်ကုသကြောင်း သိရကာ မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ဇီဝိတဒါနဆေးခန်းပရဟိတ ဆေးကုအဖွဲ့မှ သွားရောဂါ၊ မီးယပ်သားဖွားနှင့်အထွေထွေရောဂါကုဆရာဝန်များအပါအဝင် ဆရာဝန် ၁၂ ဦး၊ ဆေးပေးဆေးစပ်နှင့် အခြားအထောက်အကူပြုအဖွဲ့များ စုစုပေါင်း ၂၅ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ဇီဝိတဒါနဆေးခန်းမှ ဥက္ကဋ္ဌဒေါက်တာမင်းလွင်က "ကျွန်တော်တို့ မြန်မာ-ဟိန္ဒူဆရာဝန်များအသင်း ဇီဝိတဒါနဆေးခန်းပရဟိတ ဆေးကုအဖွဲ့အနေနဲ့ ရေဘေးသင့်ဒေသမှ လူနာများက တောင်းဆိုလာတယ်ဆိုရင် ကျန်းမာရေးစောင့် ရှောက်မှုများကို ပြုလုပ်ပေးသွားမှာပါ။ ဒါပေမယ့် ရေဘေးသင့်ဒေသတွေကို သွားရောက်ကုသဖို့အတွက် နေ့ချင်းပြန်ခရီးစဉ်တွေဆို ပိုကောင်းပါတယ်။ ကျွန်တော်တို့ဆေးကုသရေးအဖွဲ့မှာက အမျိုးသမီးဆရာဝန်တွေ ပါဝင်နေလို့ပါ။ ရေဘေးသင့်ဒေသမှလူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးကုသပေးမှုတွေအပြင် ကျန်းမာရေးအသိပညာပေးဟောပြောမှုတွေကိုပါ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောသည်။

ကွင်းရေလျှံမှုများနှင့် အထက်ရေကျဆင်းမှုများကြောင့် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့ရပြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၄ အုပ်စုတွင် ကျေးရွာအုပ်စု ၂၃ စု ရေနစ်မြုပ်ခဲ့ရကာ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်တွင် ရပ်ကွက်(၁၊ ၄၊ ၅)ရပ်ကွက်တို့ ရေမြုပ်ခဲ့ရကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ရေဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး




**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အဖွဲ့အစည်း၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်မှုဌာန ညွှန်ကြားရေးမှူး Ms. Izumi Nakamits ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်မှုလုပ်ငန်းညှိနှိုင်းရေးလုပ်ငန်းကော်မတီတို့၏ ဆောင်ရွက်နေမှု၊ အရေးပေါ်လုပ်ငန်းစင်တာ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးစင်တာနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများရေးဆွဲရေးဖိုရမ်တို့ကို ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ဝန်ကြီးဌာနအနေဖြင့် ကူညီထောက်ပံ့မှုနှင့် အလှူငွေလက်ခံရရှိမှု၊ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှုများနှင့် လိုအပ်သောလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ ဘေးသင့်ပြည်သူများအား လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ပေးမှုအခြေအနေနှင့် ရေဘေးသင့်ပြည်သူများအား စိတ်- လူမှုရေးဆိုင်ရာ ဖြေသိမ့်အားပေးကူညီခြင်းလုပ်ငန်းများ၊ မြန်မာနိုင်ငံရှိ တစ်ခုတည်းရှိသောဟသ်ာတမြို့ သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းကျောင်းများ ဖွင့်လှစ်ပြီးပါက သင်တန်းနည်းပြများ၊ သင်ထောက်ကူပြုပစ္စည်းများ၊ နည်းပညာနှင့် အကူအညီပေးနိုင်မှုများနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းနှစ်ခုအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် မန်စီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ဝေဝေ မိသားစုက ငွေကျပ်သိန်း၁၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ရေကြီးမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အစာနှင့်ဆေးဝါးများ အခက်အခဲဖြစ်ပေါ်နေသော မြို့နယ်များရှိ တိရစ္ဆာန်များအတွက် ဩဂုတ် ၁၃ ရက်မှစ၍ ဩဂုတ် ၂၅ ရက်အထိ တိရစ္ဆာန်အစာ ၁၈၅ ဒသမ ၃၀၆ တန်၊ တန်ဖိုးကျပ် ၅၁ ဒသမ ၂၂၉ သန်း၊ ဆေးဝါးအမျိုးမျိုး တန်ဖိုး ကျပ် ၁၅ ဒသမ ၉၈ သန်း စုစုပေါင်း ကျပ် ၆၇ ဒသမ ၂၇၉ သန်းတို့အား ပေးပို့လှူဒါန်းပြီးဖြစ်သည်။

ဆက်လက်၍လည်း ရေကြီးမှုဖြစ်ပွားခဲ့သော ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများကို မော်တော်ယာဉ်များ၊ မီးရထား၊ သင်္ဘောများဖြင့် ပေးပို့လှူဒါန်းလျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက်လည်း ကာကွယ်ဆေးများအခမဲ့ ထိုးနှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းက အမေရိကန်ဒေါ်လာ တစ်သိန်းကျော်တန်ဖိုးရှိ ကူညီထောက်ပံ့ရေးပစ္စည်းများ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းအဖွဲ့အစည်း Thai Business Association Myanmar(TBAM)က အမေရိကန်ဒေါ်လာ တစ်သိန်းကျော် တန်ဖိုးရှိ ကူညီထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၂၅ ရက် ညနေ ၅ နာရီတွင် ထိုင်းအဲအေးရှား လေကြောင်းလိုင်းဖြင့် သယ်ဆောင်လှူဒါန်းခဲ့သည်။

အဆိုပါကူညီထောက်ပံ့ရေး ပစ္စည်းများတွင် အဓိကအားဖြင့် ရေသန့်စင်စက်များ၊ အရေးပေါ်ရေသန့်စင်တိုင်ကီများ၊၊Tonaf KT Cream နှင့် Clotricin Cream စသည့် ဆေးဝါးပစ္စည်းများနှင့် အသင့်စားစားသောက်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ယင်းကူညီထောက်ပံ့ရေး ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Pisanu Suvanaijata က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူး ဦးကင်ဘွိုင်းထံ ပေးအပ်လှူဒါန်းသည်။

ကူညီထောက်ပံ့ရေး ပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ထိုင်းနိုင်ငံသံအမတ်ကြီးက "ထိုင်း-မြန်မာ ချစ်ကြည်ရင်းနှီးမှုကအလွန်အရေးပါပြီး သူငယ်ချင်းမိတ်ဆွေတွေ သဘာဝဘေးအန္တရာယ်ကြောင့် အကူအညီလိုအပ်နေချိန်မှာ ကူညီဖို့ အသင့်ရှိနေပါတယ်။ နောက် ထိုင်းအစိုးရအနေနဲ့လည်း ဆေးဝါးကုသရေးအတွက် ဆရာဝန်တွေကို စေလွှတ်ပြီး ကူညီပေးဖို့လည်းရှိပါတယ်။ အစိုးရအဖွဲ့တင်မက ပုဂ္ဂလိကအဖွဲ့တွေကပါ စိတ်ဝင်စားကြပါတယ်။ ဘယ်လောက်ထိ လိုအပ်တယ်ဆိုတာကို သက်ဆိုင်ရာနဲ့ညှိနှိုင်းပြီး လုပ်ဆောင်ပေးသွားမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံစီးပွားရေး လုပ်ငန်းအဖွဲ့အစည်း ဖြစ်သော TBAM သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးနှင့် Ramkhamhaeng Hospital Public Company Limited တို့ ပူးပေါင်းပြီး "မြန်မာရေဘေးသင့် ပြည်သူများအတွက် ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေး"စီမံကိန်းကို ယခုလ ၁၇ ရက်က စတင်တည်ထောင်ပြီး မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့လျက်ရှိသည်။ ယင်းစီမံကိန်းကို အကူအညီမလိုသည့်အချိန်ထိ ကူညီထောက်ပံ့ရေးပစ္စည်းများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ယခုအချိန်ထိ ခန့်မှန်းထောက်ပံ့ကူညီသည့် ပစ္စည်းတန်ဖိုး စုစုပေါင်း ထိုင်းဘတ် သန်း ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**





# ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ရေလွှမ်းမိုးမှုခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်းနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ချင်းပြည်နယ်တွင် ရွေ့လျားဆေးခန်းခုနစ်ခု ဖွင့်လှစ်ထားရှိကာ ဆေးခန်းလာပြသူ လူနာများအား ဆေးကုသပေးခဲ့ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ်တွင် ရွေ့လျားဆေးခန်း ၁၇ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ရွေ့လျားဆေးခန်း ခုနစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် ရွေ့လျားဆေးခန်းငါးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာယီဆေးခန်း ၁၆ ခု၊ ရွေ့လျားဆေးခန်း ၁၀ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ယာယီဆေးခန်းငါးခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာယီဆေးခန်း ၂၅ ခုနှင့် ရွေ့လျားဆေးခန်း ၄၅ ခု ဖွင့်လှစ်ကာ လူနာများအား ဆေးကုသမှုပေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရေဘေးသင့်ဒေသမှ ပြည်သူများအား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခြင်နှိမ်နင်းရေး၊အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကလိုရင်းရေသန့်စင်ဆေးမှုန့်၊ ဆေးစိမ်ခြင်ထောင်၊ ရေသန့်ဆေးထုပ်၊ကလိုရင်းဆေးပြား၊DHF Testkit၊ အဏုအာဟာရဖြည့်မုန့်ထုပ်များ၊ ယင်လုံအိမ်သာခွက်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

**❂ ကျောဖုံးမှ**

မြေမျက်နှာသွင်ပြင်အနေအထားအရ မြေနိမ့်လွင်ပြင်ဖြစ်ခြင်းကြောင့် နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည်။ သို့သော် ယခုနှစ် ရေကြီးရေလျှံ ရေလွှမ်းမိုးမှုဖြစ်စဉ်သည် ယခင် ၁၉၉၇၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုဖြစ်စဉ်များနှင့် နှိုင်းစာပါက သာမန်ရေကြီးရေလျှံမှု ဖြစ်စဉ်တစ်ခုမျှသာဖြစ်ကြောင်း ဒေသခံများ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

ပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း ယခင်ကာလဖြစ်စဉ်များနှင့် နှိုင်းယှဉ်လျှင် လျော့နည်းမှုရှိကြောင်း၊ လယ်ယာမြေများရေနစ်မြုပ်မှုတွင် ရေလွှမ်းဧက ၁၆၀၇၆၀ ဧကရှိခဲ့ပြီး ရက်ပိုင်းအတွင်းဆိုသလိုပင် ရေနစ်မြုပ်ရာမှ ပြန်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဧက ၇၆၉၁၃ ဧက ရှိခဲ့သော်လည်း ဧက ၂၄၆၁၀ သာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းပေါင်း ၉၆ ကျောင်းခန့် ရေကြီးစဉ် ခေတ္တပိတ်ထားခဲ့ရသော်လည်း လေး၊ ငါး၊ ခြောက်ရက်အတွင်း အဆိုပါကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးခရိုင်အတွင်း ယခုနှစ်၌ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကဲ့သို့ပင် ရေကြီးရေလျှံမှုဖြစ်စဉ်များကြုံတွေ့ခဲ့ရလင့်ကစား ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စနစ်တကျဆောင်ရွက်ထားနိုင်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ရခြင်းဖြစ်ကြောင်း၊ ပဲခူးခရိုင်မှာ နှစ်စဉ်နှစ်တိုင်းလိုလိုပင် ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပွားလေ့ရှိခြင်းကြောင့် ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ပဲခူးမြစ်အတွင်း သောင်ခုံတူးခြင်း၊ ဇောင်းတူးရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်း၊ ပဲခူးစစ်တောင်းတာနှင့် ပုဂိုင်တာယိုယွင်းပျက်စီးမှုအချို့ကိုတာပုံစံကျ ပြုပြင်ခြင်း၊ ဝေါမြို့နယ်အတွင်း ဆင်ရွာ၊ နဂါးပေါက် ရေလျှံထိန်းတာ တည်ဆောက်ပေးခြင်း၊ ပဲခူးစစ်တောင်း တူးမြောင်းအဆင့်မြှင့်တင်ခြင်း၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ စစ်တောင်းတာ မူလအတိုင်းတာပုံစံကျ ပြုပြင်ခြင်းနှင့် တစ်ဆက်တည်း တာပေါင်ပေါ်တွင် ဒေသခံပြည်သူများ ရာသီမရွေးသွားလာနိုင်သည့် ဂဝံကျောက်ခင်းလမ်းခင်းခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)က ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရန် စီမံချက်များအသီးသီး ချမှတ်ဆောင်ရွက်ခဲ့သည်။

တစ်ဖန် ပဲခူးခရိုင်ရှိ မြို့နယ်အသီးသီးတွင် ချောင်းမြောင်းများစီးဆင်းရာ ပဲခူးမြစ်၊ စစ်တောင်းမြစ်ရေ မြင့်တက်သည့်အချိန်နှင့် မိုးရွာသွန်းသည့်အချိန်တို့ ဆုံလိုက်သည့်အခါ အဆိုပါမြောင်းများ ရေမြင့်တက်ပြီး ကွင်းများအတွင်း ရေနုတ်နိုင်ခြင်းမရှိသည့်အတွက် လယ်မြေများ ရေလွှမ်းမိုးမှုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ထပ်မံ၍ ချောင်းမြောင်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပဲခူးခရိုင်ဒေသတစ်ခွင်ရှိ မြို့နယ်အသီးသီးတွင် ရေကြီးနစ်မြုပ်မှုကာကွယ်ရန် စီမံချက်များကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကြောင့် ရေကြီးရေလျှံမှုဘေးမှ အထိုက်အလျောက် သက်သာရာရခဲ့ပြီး ယခင်ရေကြီးခဲ့စဉ်နှစ်များကဲ့သို့ ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များ လျော့နည်းကျဆင်းခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်စဉ် စတင်ခဲ့သည့် ဇူလိုင် ၂၉ ရက်မှစတင်ကာ ပဲခူးခရိုင်၌ ကယ်ဆယ်ရေးစခန်း ၃၄ ခု ဖွင့်လှစ်ခဲ့ပြီး ရေဘေးဒဏ်ခံခဲ့ရသည့် အိမ်ထောင်စု ၄၃၆၇ စု၊ လူဦးရေ ၂၀၆၄၈ ဦးတို့ကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။ သြဂုတ် ၆ ရက်မှ စတင်ကာ ပဲခူးမြစ်သည် ပဲခူးမြို့၏စိုးရိမ်ရေအမှတ်အောက် ၈၁၁ စင်တီမီတာသို့လည်းကောင်း၊ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေအမှတ်အောက် ၁၁၅၅ စင်တီမီတာသို့လည်းကောင်း၊ ရွှေကျင်မြစ်ရေသည် စိုးရိမ်ရေအမှတ်အောက် ၆၉၂ စင်တီမီတာသို့လည်းကောင်း ကျဆင်းခဲ့၍ ရေဘေးသင့်ပြည်သူများ ရေကြီးရေလျှံမှုဖြစ်စဉ်မှ လွတ်ကင်းကာ ၎င်းတို့နေထိုင်ရာနေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ပဲခူးခရိုင်သည် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းစာပါက ရေကြီးရေလျှံမှုဖြစ်စဉ်ကို မကြာခဏကြုံတွေ့ရလေ့ရှိသော်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များကြုံတွေ့ကြရသည့် ယခုနှစ်တွင်မူ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၏ နေ့ညမရွေး သတိကြီးစွာ စည်းစည်းလုံးလုံးပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ အစီအမံ၊ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေတို့ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေကြီးရေလျှံမှုကို ရေနုတ်မြောင်းစနစ်ဖြင့် ရေဆွဲအား ကောင်းမွန်စေရန် တူးဖော်ခဲ့မှုနှင့် အခြားရေဘေးကာကွယ်ရေးလုပ်ငန်းများကို ကြိုတင် စီမံဆောင်ရွက်ထားနိုင်မှုကြောင့် လည်းကောင်း ရေကြီးရေလျှံမှုဖြစ်စဉ်ကြီးကို ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ❐

---

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် သြဂုတ် ၂၇**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ သြဂုတ် ၂၇ ရက်တွင် နေပြည်တော် (ရုံးချုပ်) အလှူခံဌာန၌ မန်စီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ဝေဝေ(မိသားစု)က ငွေကျပ်သိန်း ၁၀၀၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများက ငွေကျပ် ၅၁၁၉၁၀၀နှင့် ဒေါ်စန်းစန်းဝင်း သစ်တောဝင်း၊ (မှော်ဘီ)က ငွေကျပ် ၁၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်အလှူငွေစာရင်းအမှတ် (CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့ခြင်းအပါအဝင် စုစုပေါင်းမြန်မာငွေကျပ် ၁၅၂၁၉၁၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သြဂုတ် ၂၇ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရှမ်းပြည်နယ် ဦးစီးမှူးရုံး၌ ငွေကျပ် ၁၇၈၀၀၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ သြဂုတ် ၂၇ ရက်ထိ အလှူရရှိငွေ စုစုပေါင်းမှာ ၁၈၈၁၈၄၄၃၇၂ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၂၃၃၃၁၅ ဒသမ ၂၆ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၆၀၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ သြဂုတ်လ (၂၇)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၀၉ | ၈၁၃၂၂ | ၃၉၉၅၂၆ | ၂၄ | ၅၁၆၉၈၆၅၀ | - | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၁၈၀၀၀၀၀ | ၁၃၃၇၇၄၄၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၈ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၀၃၂ | ၅၃၂၉ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | ၇၀၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၆၁ | ၄၀၉၃ | ၂၀၉၄၇ | ၅ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | ၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၅၀၀၀၀၀ | ၇၇၈၀၁၃၇၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၄ | ၁၅၁၅ | ၆၆၁၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၁၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၇၆ | ၁၂၁၆၅၂ | ၅၀၅၂၉၂ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၀၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | စုစုပေါင်း | ၁၆၉၀၅ | ၄၀၀၂၂၈ | ၁၆၁၆၀၉၀ | ၁၁၅ | ၁၀၂၁၃၅၈၀၀ | ၁၁၄၅၁၄၅၀ | ၁၈၀၈၉၀၀၀၀ | ၃၁၇၄၁၁၇၁၀ | ၉၉၀၀၀၀၀ | ၆၂၇၈၈၉၆၀ | |
| | ဇွန်လ၊ဇူလိုင်လနှင့်သြဂုတ်လ စုစုပေါင်း | ၁၇၃၁၀ | ၄၀၂၃၇၄ | ၁၆၃၁၀၀၁ | ၁၂၂ | ၁၀၅၆၈၃၁၅၀ | ၁၅၂၄၄၂၃၀ | ၂၂၁၁၉၀၀၀၀ | ၃၃၃၁၁၇၂၉၀ | ၁၀၆၀၀၀၀၀ | ၆၈၅၈၃၄၆၇၀ | |



# ပြည်မြို့ အမှတ်(၁)အထက ကင်းထောက်များ ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး အလှူငွေလှူဒါန်း

**ပြည် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁)အထက ကင်းထောက်မောင်မယ်များမှ ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်း၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉နာရီက အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနုနှင့် ကင်းထောက်ကြီးကြပ်ဆရာ ဆရာမများ၊ ကျောင်းအကျိုးဆောင်များ၊ ကင်းထောက်မောင်မယ် ၁၀၀ တက်ရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ကင်းထောက်မောင်မယ်များက ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်း အဝတ်အထည်များပေးအပ်လှူဒါန်းရာ ပြည်မြို့ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်းတာဝန်ခံ ဦးမောင်မောင်စိုးနှင့်အဖွဲ့က လက်ခံရယူ၍ မှတ်တမ်းတင်ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

အဆိုပါ ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်းသည် ပြည်မြို့ရှိအလှူရှင်များ လှူဒါန်းထားသော အလှူငွေကျပ်သိန်း ၁၀၀ ကျော်နှင့်ထောက်ပံ့ရေးပစ္စည်းများ စုပေါင်း၍ ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ရခိုင်ပြည်နယ် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်ဒေသများသို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

**အောင်(ခတုဗေဒ)**

# ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများသည် ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြေတိုင်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် မြေတိုင်ရွာ၊ မြကျွန်းသာရွာ၊ အထရောင်ကြီးရွာနှင့် အထရောင်လေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု၄၅၀အား ကျပ် ၁၁၀၁၀၉၉၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် အသင့်စားသုံးနိုင်သော ပစ္စည်းများ၊ သောက်ရေသန့်၊ ဆေးဝါးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို ဝန်ထမ်းအင်အား ၆၀ ခန့်ဖြင့် အိမ်ထောင်စုတစ်စုချင်းစီသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းခဲ့သည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ရေဘေးသင့်ဒေသများရှိ ပြည်သူများသို့ ယနေ့ထိ လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၄၀၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ရထားဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၊ စေတနာရှင်ပြည်သူများနှင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသည့် ဆန် ၃၆ အိတ်၊ ဆား သုံးအိတ်၊ ကုလားပဲ တစ်အိတ်၊ အဝတ်အထည်မျိုးစုံ ၁၅ အိတ်၊ အိုးခွက်ပန်းကန် လေးအိတ်ကို ကယားပြည်နယ် ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ အစီအစဉ်ဖြင့် လွိုင်ကော်ဘူတာမှ ပဲခူးမြို့သို့ ယနေ့ နံနက် ၅ နာရီတွင် မြန်မာ့မီးရထားဖြင့် ပို့ဆောင်ပေးခဲ့သည်။ ဆေးပစ္စည်းနှင့် အခြားအရေးကြီးပစ္စည်းများကို ကယားပြည်နယ် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

**(ကြေးမုံ)**

## csi;wi;jrpa& uav;0rlü jyevnusqi;

**နေပြည်တော် ဩဂုတ် ၂၇**

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၂ ပေခန့်အထိ မြင့်တက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲခန့်သို့ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**ရွှေလီ ဩဂုတ် ၂၇**

တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအသင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားပြီး မြန်မာနိုင်ငံမှ ရေဘေးသင့်ပြည်သူများအတွက် တရုတ်ယွမ် ၇၆၆၈၅(မြန်မာငွေကျပ် ၁၅၁၈၅၂၀၀)ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ကျယ်ဂေါင် နန်းတော်ဂိတ်တွင် ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲတွင် တယ်ဟုန်ပြည်နယ်ခွဲ ကြက်ခြေနီအတွင်းရေးမှူး Mr.Lang Chang Hui နှင့်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မူဆယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းတို့က အလှူငွေလက်ခံခဲ့ပြီး မူဆယ်ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လယ်ယာသုံးစက်ကိရိယာများ ကွင်းဆင်းပြုပြင်ပေး

**ကျောင်းကုန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သော လယ်မြေများတွင် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကျောင်းကုန်းမြို့ စက်မှုလယ်ယာမှ ဝန်ထမ်းများသည် လယ်မြေထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများရှိ တောင်သူပိုင်စက်ကိရိယာများအား အခမဲ့ကွင်းဆင်းပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဂျပန်နိုင်ငံ အိုဆာကာအမျိုးသမီးကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကင်းထောက်အဖွဲ့တို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပုသိမ် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီတွင် ဧရာရွှေဝါခန်းမ၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးရေဘေးသင့်ဒေသများ ပြည်လည်ထူထောင်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် "သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိရောက်သောစီမံဆောင်ရွက်မှုများပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများအနေဖြင့် မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရုံသာမက ပိုမိုကောင်းမွန်သည့်အခြေအနေသို့ ရောက်ရှိနိုင်ရန် ကူညီပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအတွက် ဌာနဆိုင်ရာများမှ စီမံချက်များချမှတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း" ပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ဂျပန်နိုင်ငံ အိုဆာကာအမျိုးသမီးကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကင်းထောက်အဖွဲ့တို့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ အလှူရှင်များကိုယ်စား အိုဆာကာအမျိုးသမီးကင်းထောက်အဖွဲ့မှ မစ္စတာတာမိတာနိုက လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့မှ အလှူငွေကျပ် တစ်သိန်းနှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် နယ်မြေခံတပ်မှ ဗျူဟာမှူးနှင့် အရာရှိများ၊ ကျိုက်ဒုံမြို့ဒေသရှိ ပြည်သူများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ၁၀ သိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကချင်ပြည်နယ်တွင် မိုးပိုလာမည်

**မနက်ဖြန်ညနေထိခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ကချင်ပြည်နယ်တွင် မိုးပိုလာမည်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောမြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင်ကျင်းပမည့် 3rd Thailand-Myanmar High Level Committee Meeting တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ မြန်မာ့တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာသည်။




တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ် စစ်သံမှူး Captain Apakorn Youkongkaew နှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်မင်းနောင်၊ ဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။ **(မြဝတီ)**

# မြန်မာ့တပ်မတော်အနေဖြင့် နှစ်နိုင်ငံတည်ငြိမ်ရေးအတွက် အမြဲတမ်းပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒရှိ

နေပြည်တော် ဩဂုတ် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် 3rd Thailand-Myanmar High Level Committee Meeting တက်ရောက်ရန် ယနေ့ နံနက် ၇ နာရီ ၃၅ မိနစ်တွင် မြန်မာ့တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ၁၀ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိကြသည်။**



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းအစိုးရ အဖွဲ့ရုံးသို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ရောက်ရှိကြပြီး ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာအား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံတပ်မတော်များ၏ ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပြီးတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် TBC, RBC, HLC အစည်းအဝေးဆိုင်ရာကိစ္စရပ်များကို အိမ်နီးချင်းနိုင်ငံများကလည်း စိတ်ဝင်စားကြကြောင်း၊ မြန်မာနိုင်ငံ၌ ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း သဘာဝရေဘေးအန္တရာယ်ဖြစ်ပွားခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံအစိုးရမှ ဘတ်ငွေ ၁၈ သန်းနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းခြင်း၊ ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စေလွှတ်ပေးခြင်းများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဩဂုတ် ၁၇ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရခြင်းအတွက် ထိုင်းပြည်သူများနှင့်အတူ အံ့ဩတုန်လှုပ် စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် နှစ်နိုင်ငံတည်ငြိမ်ရေးအတွက် အမြဲတမ်းပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းဝန်ကြီးချုပ်က ထိုင်းအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အားပေးလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံကို ဆန့်ကျင်သော အဖွဲ့အစည်းများကို အားမပေးကြောင်း၊ မြန်မာနိုင်ငံ၏ ရေဘေးကိစ္စရပ်များအတွက် ထိုင်းအစိုးရအနေဖြင့် ဝမ်းနည်းပါကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများသည် အရေးကြီးကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအရှိန်အဟုန်သည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် စက်မှုဇုန်များ ဖွင့်လှစ်ရန် ထိုင်းနိုင်ငံဘက်မှ အဆင်သင့်ဖြစ်နေပြီး မကြာမီ မြန်မာနိုင်ငံဘက်ခြမ်းတွင် ဖွင့်လှစ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ရေးကိုလည်း နှစ်နိုင်ငံအရှိန်အဟုန်မြင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့မွန်းလွဲ ၂ နာရီတွင် ထိုင်းဘုရင့် အတိုင်ပင်ခံ ကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda အား ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နေအိမ်၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

ယင်းနောက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဘန်ကောက်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး နေအိမ်သို့ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်မြန်မာကျောင်းသားများအတွက် လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံရုံးနှင့် စစ်သံရုံး မိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမြင့်ဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာ<br>ဒေါ်မြတ်သန္တာ | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ဆေးဘက်ဆိုင်ရာ<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးမြင့်ထွေး<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) ဒေါ်ချယ်ရီလွင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဃ) ပါမောက္ခ<br>ဒေါက်တာခင်မောင်လွင်<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (င) ပါမောက္ခ<br>ဒေါက်တာဒေါ်ဆန်းဆန်းဝင်း<br>ပါမောက္ခ/ဌာနမှူး<br>ကလေးသွားကျန်းမာရေးပညာဌာန<br>သွားဘက်ဆိုင်ရာဆေး<br>တက္ကသိုလ်(ရန်ကုန်)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီများဖွဲ့စည်း

**ဒိုက်ဦး ဩဂုတ် ၂၇။** ။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများအလိုက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ငွေကျပ်သိန်းပေါင်း ၃၀၀၀ ဖြင့်ကျေးရွာ ၁၀ရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ် သိန်း ၃၀၀ အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် သတ်မှတ်ရွေးချယ်ခဲ့သည်။

ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမင်းမင်းသိန်း၊မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများသည် အဆိုပါကျေးရွာများသို့ သွားရောက်၍ ယခုလအတွင်းတွင် ကျေးရွာတစ်ရွာချင်းအလိုက်ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးဆပ်ကော်မတီတို့ကိုဖွဲ့စည်းကာတာဝန်များပေးအပ်ခဲ့သည်။

**ကျော်ကျော် IPRD**

## မြောက်ကိုရီးယားအရှေ့မြောက်ပိုင်း၌ ရုတ်တရက်ရေလွှမ်းမှုဖြစ်ပွား၊ လူ ၄၀ သေဆုံး

**ဆိုးလ် ဩဂုတ် ၂၇**

မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေလွှမ်းမှုများဖြစ်ပွားခဲ့ပြီး လူ ၄၀ သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၇ ရက်က သတင်းထုတ်ပြန်ထားသည်။

ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၁၀၀၀ ခန့် ဘေးဒုက္ခရောက်ကြသည်။ နိုင်ငံအရှေ့မြောက်ပိုင်း ရာဂျင်မြို့၌ ရေဘေးအန္တရာယ်ကို ဆိုးရွားစွာ တွေ့ကြုံခံစားခဲ့ရပြီး ပြည်သူထောင်ပေါင်းများစွာမှာ အိုးအိမ်များကို စွန့်၍ ဘေးလွတ်ရာသို့ ထွက်ပြေးကာ ခိုလှုံနေကြရသည်။ အဆိုပါမြို့သည် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က မိုးသည်းထန်စွာရွာသွန်းကာ ကားလမ်းများ ရေနစ်မြုပ်ခဲ့ရကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ မိုးရေချိန် ၉ ဒသမ ၅ လက်မအထိ မိုးရွာသွန်းခဲ့ကြောင်း၊ ဩဂုတ် ၂၂ ရက် တစ်ရက်တည်းမှာပင် သုံးနာရီမျှသာ ကြာမြင့်ချိန်အတွင်း ၆ လက်မအထိ မိုးရွာသွန်းခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် လူ ၄၀ သေဆုံးခဲ့ရကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရေဘေးသင့် ဒေသများသို့ ရောက်ရှိနေသော တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် ၄၈၄ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ရန် တရုတ်နှင့် မြောက်ကိုရီးယား တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ရိုက်တာ။**

## ရုပ်ရှင်ရုံအတွင်း လူ ၁၂ ဦး ပစ်သတ်ခဲ့သည့် ဘွဲ့ရကျောင်းသားဟောင်းအား ထောင်ဒဏ် ၃၃၁၈ နှစ် ချမှတ်




**ဝါရှင်တန် ဩဂုတ် ၂၇**

လူ ၁၂ ဦး သေဆုံးခဲ့သည့် ၂၀၁၂ ခုနှစ်က ကော်လိုရာဒိုပြည်နယ်ရှိ ရုပ်ရှင်ရုံတစ်ရုံ၌ ဖြစ်ပွားခဲ့သော ပစ်ခတ်ရမ်းကားမှုများအတွက် ဘွဲ့ရကျောင်းသားဟောင်းတစ်ဦးဖြစ်သူ ဂျိမ်းစ်ဟုမ်းစ်အား အမေရိကန်တရားရုံးတစ်ရုံးက ပြစ်ဒဏ်မစေ့မီ ကတိခံဝန်ချက်ဖြင့် လွှတ်ပေးမှုမရှိသည့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းအပြင် ထောင်ဒဏ် ၃၃၁၈ နှစ် ချမှတ်လိုက်သည်။

တရားရုံးက ၎င်းအပေါ်စီရင်ချက်ကို ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်တွင် ရုပ်ရှင်ရုံတစ်ရုံအတွင်း အသက် (၂၇) နှစ်ရှိ ဂျိမ်းစ်က သေနတ်ပစ်ခတ်ခဲ့ရာ လူ ၁၂ ဦး သေဆုံးခဲ့ပြီး ၇၀ ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် လူသတ်မှုအပါအဝင် စွပ်စွဲချက် ၁၆၅ ချက် ရင်ဆိုင်ခဲ့ရသည်။ တရားခံမှာ မည်သည့်ညှာတာထောက်ထားမှုနှင့်မျှ မထိုက်တန်ကြောင်း၊ ထို့ကြောင့် ၎င်း၏အမှုမှာ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ရန် အကြောင်းခိုင်လုံကြောင်း တရားသူကြီးက ပြောကြားသည်။

ထောင်ဒဏ် ၃၃၁၈ နှစ်မှာ အမေရိကန်ပြည်ထောင်စုသမိုင်းတွင် စတုတ္ထအမြင့်ဆုံးပြစ်ဒဏ်ဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ရေးသားဖော်ပြသည်။အမှုစစ်ဆေးချိန်အတွင်း အစိုးရရှေ့နေများက သေမိန့်ပြစ်ဒဏ်ချမှတ်ရန် တောင်းဆိုခဲ့ကြသော်လည်း အဖွဲ့ဝင် ၁၂ ဦးပါ ဂျူရီအဖွဲ့ကြား သဘောတူညီမှုမရရှိခဲ့ပေ။ ဂျူရီအဖွဲ့က ဂျိမ်းစ်အား ဩဂုတ် ၇ ရက်နေ့တွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## အွန်လိုင်းသေနတ်မှောင်ခိုဂိုဏ်းအား တရုတ်ရဲတပ်ဖွဲ့ ဖြိုခွင်း

**ရှီကျားကျောင် ဩဂုတ် ၂၇**

အွန်လိုင်း လက်နက်အရောင်းကွန်ရက်တစ်ခု၌ သံသယဖြစ်ဖွယ်ရာ ပါဝင်သူ ၁၇ ဦးကို တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဟန်ရှူးပြည်သူ့လုံခြုံရေးဗျူရိုက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ကျောင်ဆိုသူ အမျိုးသားတစ်ဦးသည် ကျင်းရှန်းစီရင်စုရှိ သတ္တုပစ္စည်းအရောင်းဆိုင်များမှ သေနတ်ပစ္စည်းအစိတ်အပိုင်းများဖြစ်သော ကျည်ရိုက်တံ၊ ခလုတ်နှင့် သေနတ်ပြောင်းစသည့် ပစ္စည်းအရေအတွက်သုံးထောင်ကျော် မှာယူခဲ့ကြောင်း ပြီးခဲ့သည့် မေလက စတင်ခဲ့သော စုံစမ်းစစ်ဆေးမှုတွင် တွေ့ရှိခဲ့သည်။ ကျောင်သည် အဆိုပါစီရင်စုတွင် ခြံတစ်ခြံကို ငှားရမ်းခဲ့ပြီး ဘန်ဂလိုများ ဆောက်လုပ်ကာ တရားမဝင်ပစ္စည်းများ သိုလှောင်ထားရှိခဲ့သည်။

၎င်းသည် လက်နက်ပစ္စည်း အစိတ်အပိုင်း ရောင်းဝယ်သူများနှင့် ဆက်သွယ်ရန်အတွက် နာမည်ကြီးအွန်လိုင်းမက်ဆေ့ချ် ဝန်ဆောင်မှုကွန်ရက်တစ်ခုဖြစ်သည့် Tecent's QQ ကို အသုံးပြုခဲ့သည်။ တရုတ်နိုင်ငံတွင် အကြမ်းဖက်ရာဇဝတ်မှုများဖြစ်ပွားခြင်းမှ ထိန်းချုပ်ရန်အတွက် သေနတ်များ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို ပြင်းပြင်းထန်ထန် ပိတ်ပင်ထားပြီး တရားမဝင်လက်နက်ပိုင်ဆိုင်မှုကို တွေ့ရှိပါက ထောင်ဒဏ် (၇) နှစ်အထိ ချမှတ်ခံရနိုင်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် မတ်လမှ မေလအတွင်း ၎င်း၏ ဘဏ်ငွေပေးချေကတ်နှင့် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော အွန်လိုင်းငွေပေးချေစနစ် Alipay တို့ကို အသုံးပြုကာ ယွမ် ၈၀၀၀၀၀ ကျော်တန်ဖိုးရှိ အရောင်းအဝယ် ၁၄၅ ခုကို ပြုလုပ်ခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ။**

## တရုတ်နှင့်မလေးရှား ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ပေကျင်း ဩဂုတ် ၂၇**

တရုတ်နှင့် မလေးရှားနိုင်ငံတို့သည် လာမည့်စက်တင်ဘာလလယ်မှ လကုန်ပိုင်းအထိ မလက္ကာရေလက်ကြားနှင့် ယင်း၏ အနီးဝန်းကျင်ဒေသ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ငြိမ်းချမ်းရေးနှင့် ချစ်ကြည်မှု (၂၀၁၅)ဟု အမည်ပေးထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံတပ်ဖွဲ့များပူးပေါင်း၍ လုံခြုံရေးစောင့်ကြပ်လိုက်ပါမှု၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှု၊ အပိုင်စီးခံရသော သင်္ဘောများကိုကယ်တင်မှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ လေ့ကျင့်ကြမည်ဖြစ်ကြောင်း တရုတ်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်နှင့် မလေးရှားလက်နက်ကိုင်တပ်ဖွဲ့များအကြား ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြစ်ပြီး တရုတ်တပ်ဖွဲ့ဝင် ၁၁၆၀ ပါဝင်မည်ဖြစ်ကြောင်း၊ တရုတ်ရေတပ်မှ ဖျက်သင်္ဘောနှစ်စင်း၊ ဆေးရုံသင်္ဘောတစ်စင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်လေးစင်းနှင့် ရဟတ်ယာဉ် သုံးစင်းတို့ ပါဝင်မည်ဖြစ်သည်။

တရုတ်နှင့် မလေးရှားတပ်ဖွဲ့များသည် ပူးတွဲစစ်ဦးစီးကွပ်ကဲမှုစခန်းတစ်ခုကို ထူထောင်သွားမည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်မှု၌ပါဝင်မည့် မြေပြင်တပ်ဖွဲ့၊ လေကြောင်းတပ်ဖွဲ့နှင့် ရေကြောင်းတပ်ဖွဲ့များအကြား ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ တရုတ်နှင့် မလေးရှားနှစ်နိုင်ငံအကြား ကဏ္ဍစုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်ရန်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန်ဖြစ်ကြောင်း၊ ဒေသတွင်းရေကြောင်းဆိုင်ရာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**

## တရုတ်နိုင်ငံ ထျင်ကျင်းပေါက်ကွဲမှု တာဝန်ရှိသူ ၁၁ ဦးကို ဖမ်းဆီး

**ထျင်ကျင်း ဩဂုတ် ၂၇**

ဩဂုတ်လ ၁၂ ရက်နေ့က တရုတ်နိုင်ငံ ထျင်ကျင်းမြို့တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သောပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သက်ဆိုင်သူ၁၁ ဦးကို တရုတ်အာဏာပိုင်များက ဖမ်းဆီးလိုက်ကာ ဆိပ်ကမ်းအာဏာပိုင်များကို တာဝန်ပျက်ကွက်သည်ဟု စွပ်စွဲထားကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လူ၁၄၅ ဦး သေဆုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ တရုတ်နိုင်ငံအတွင်း သတ္တုတွင်းတူးဖော်ရာမှစပြီး စက်ရုံမီးလောင်သည်အထိ မတော်တဆမှုများဖြစ်ပွားခြင်းက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေကြောင်းနှင့် အာဏာပိုင်များအနေဖြင့် ထိုကဲ့သို့ မတော်တဆမှုများမှရရှိသည့် သင်ခန်းစာများကို အသက်နှင့်ရင်းပြီး သိရှိခဲ့ရကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။ ထျင်ကျင်းရိုင်ဟိုင်း နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးအဖွဲ့ကုမ္ပဏီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်ဒုအထွေထွေမန်နေဂျာသုံးဦးအပြင် ကုမ္ပဏီပိုင်ရှင်တို့အား ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးထားကြောင်း ဆင်ဟွာသတင်းဌာနက ပြောသည်။

ထျင်ကျင်းဆိပ်ကမ်းတွင် ထျင်ကျင်းပို့ဆောင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေးဌာနနှင့် အခွန်ရုံးခန်းများအပြင် နိုင်ငံပိုင်ဆိပ်ကမ်းကုမ္ပဏီများ စုဝေးရောပြွမ်းလျက်ရှိသည်။ ထျင်ကျင်းဆိပ်ကမ်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ယင်းပေါက်ကွဲမှုသည် တာဝန်ရှိသူများ၏ အလုပ်တာဝန်ပေါ့ဆမှုနှင့် ကြီးကြပ်မှုညံ့ဖျင်းခြင်းကြောင့်ဖြစ်သည်ဟု အစိုးရရှေ့နေတစ်ဦးကသူ၏ ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင် ရေးသားထားသည်။ **ဆင်ဟွာ။**

## အမေရိကန်ရုပ်သံသတင်းထောက်နှစ်ဦး အလုပ်လုပ်ကိုင်နေစဉ် ပစ်သတ်ခံရ

**ဗာဂျီးနီးယား ဩဂုတ် ၂၇**

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်မှုအတွက် ပါဝင်လုပ်ကိုင်နေသူ သတင်းထောက်နှစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့် သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။






ဗာဂျီးနီးယားပြည်နယ် ရန်နိုကေးမြို့ အခြေစိုက် WDBJ 7အမည်ရှိ ရုပ်မြင်သံကြားဌာနမှ အမျိုးသမီးသတင်းထောက် အယ်လစ်ဆန်ပါကာ (၂၄)နှစ်နှင့် ဓာတ်ပုံရိုက်သူ အဒမ်ဝါ့ဒ်(၂၇)နှစ်တို့သည် ဩဂုတ်၂၆ ရက်က လူတွေ့မေးမြန်းခန်း ပြုလုပ်နေချိန်အတွင်း ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်ဟောင်း တစ်ဦးဖြစ်သူ ဗက်စတာ ဖလာနာဂန်ဆိုသူ၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြရသည်။

အသက် (၄၁) နှစ်ရှိ ဖလာနာဂန်သည် သေနတ်ဖြင့်ပစ်ခတ်မှု ပြုလုပ်ပြီးနောက် ဗာဂျီးနီးယားပြည်နယ် အဝေးပြေးလမ်းအတိုင်း ကားဖြင့် မောင်းနှင်ထွက်ပြေးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့သည်။

ဖလာနာဂန်သည် ယင်းနောက်တွင် ၎င်းကိုယ်ကိုယ် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ဒဏ်ရာရရှိပြီး ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖလာနာဂန်သည် အာဖရိကန္ဒယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်ဟောင်း လူဖြူနှစ်ဦးကို လူမျိုးရေးခွဲခြားဆက်ဆံခံရမှုအတွက် လက်စားချေသတ်ဖြတ်ခဲ့သည်ဟု သက်သေမကင်းဖြစ်ရသည်။

လူတွေ့မေးမြန်းခန်း၌ ဖြေကြားသူအမျိုးသမီးမှာ ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေရကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာနှင့်အားကစား



# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် သြဂုတ် ၂၇**

ထိုင်းနိုင်ငံ၌ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သြဂုတ် ၂၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီမိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာလာရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံး ဒုတိယအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး ဒုတိယအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူးနှင့်ဇနီးတို့နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ဇနီး ဒေါ်သန်းသန်းနွယ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

**❖ နိုင်ငံတော်မှ**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပြောသည်။

နိုင်ငံတော်အနေဖြင့် အာကာသနည်းပညာအသုံးပြုမှု ဖွံ့ဖြိုးတက်ရေး၊ ဂြိုဟ်တု နည်းပညာပိုင်ဆိုင်ရေးတို့အတွက် အာကာသဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်များနှင့် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ ပထမဦးဆုံးခရီးစဉ်ဖြစ်ပြီး အခုလိုမျိုး ကျွန်တော့်ရဲ့ အတွေ့အကြုံဗဟုသုတတွေကို မြန်မာနိုင်ငံက ကျောင်းသား ကလေးငယ်လေးတွေဆီ လာရောက် ဖြန့်ဝေခွင့်ရတဲ့အတွက် အလွန်ပျော်ရွှင်ဝမ်းမြောက်မိပါတယ်။ ကျွန်တော်ယုံကြည်ပါတယ်။ ဂျပန်နိုင်ငံသားတစ်ယောက်အနေနဲ့ပြောရရင် ကာလရှည်ကြာစွာရင်းနှီးချစ်ကြည်ခဲ့တဲ့ ဂျပန်-မြန်မာဆက်ဆံရေးမှာ ဒါဟာ ကျွန်တော့်ရဲ့ ပထမဦးဆုံး ခြေလှမ်းတစ်ရပ်လည်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကလေးငယ်တွေကိုမိတ်ဆက်ပေးချင်တာက အာကာသနည်းပညာနဲ့ နိုင်ငံတကာအာကာသစခန်းဆိုင်ရာ ဗဟုသုတတွေဖြစ်ပါတယ်။ နိုင်ငံတကာ အာကာသစခန်းဆိုင်ရာများနဲ့ပတ်သက်လို့ ကျွန်တော်တို့သိပ္ပံဆိုင်ရာ လုပ်ငန်းအတော်များများ လုပ်ခဲ့ကြရတယ်။ သင်ကြားမှုတွေလုပ်ခဲ့ကြရတယ်။ ဒီအတွက် ဒီနေ့ဆိုရင် ကျောင်းသားအရွယ်ကလေးငယ်တွေကို ကျွန်တော် ပြန်ပြောပြနိုင်ပြီ။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ အာကာသမှာ ဘာတွေလုပ်နိုင်ကြပြီလဲဆိုတာကိုပေါ့။ အခုဆိုရင် ကလေးတွေအနေနဲ့ သင်္ချာ၊ သိပ္ပံပညာရပ်ဆိုင်ရာနဲ့ အာကာသနည်းပညာဆိုင်ရာတွေကို လေ့လာနိုင်ကြပြီဖြစ်ပါတယ်"ဟု ဂျပန်အာကာသယာဉ်မှူး ဆူအိချီနိုကိုချီက ဆွေးနွေးပွဲအပြီးတွင် ပြောပြသည်။

ထို့ပြင် ၎င်းက "အာကာသနည်းပညာကို လေ့လာခြင်းအားဖြင့် လူသားတွေအနေနဲ့ အကျိုးကျေးဇူးများစွာရရှိလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဆေးဝါးအသစ်အဆန်းတွေ၊ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်ဖို့အတွက် ဖန်တီးပေးနိုင်မယ့် အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်။ ဂြိုဟ်တုက ရလာတဲ့ အချက်အလက်တွေကို လေ့လာခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ပုံရိပ်ကောင်းတွေရရှိလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဂျပန်နိုင်ငံရဲ့ အာကာသအေဂျင်စီအနေနဲ့ဆိုရင်လည်း နောက်ဆုံးပေါ် အကောင်းဆုံး ဂြိုဟ်တုနည်းပညာဆိုင်ရာတွေ ထူထောင်ထားပြီး မြန်မာနိုင်ငံရဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စောင့်ကြည့်မှုတွေကိုလည်း လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အနာဂတ်မှာ ကြုံတွေ့လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေကို ကာကွယ်လာနိုင်မှာဖြစ်ပါတယ်"ဟု ဆက်လက်ပြောပြသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး နိုင်ငံများဖြစ်လာခဲ့ပြီး အာကာသသွားလာမှု၌ အပြိုင်အဆိုင် တီထွင်ဖန်တီးလုပ်ကိုင်လာကြသည်။ ဆိုဗီယက်ပြည်ထောင်စုသည် ပထမဆုံးဂြိုဟ်တုကို အာကာသအတွင်းသို့ အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သကဲ့သို့ အမေရိကန်ပြည်ထောင်စုအစိုးရသည်လည်း လေကြောင်းပညာနှင့် အာကာသစူးစမ်းရှာဖွေရေးလုပ်ငန်းများ သုတေသနပြု တီထွင်လုပ်ကိုင်စေရန် အမျိုးသားလေကြောင်းနှင့် အာကာသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ "နာဆာ"(NASA)ကို တည်ထောင်ပြီး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကမ္ဘာ့လူသားများအနေဖြင့် အာကာသစူးစမ်းလေ့လာရေးမှ အရေးပါသည့်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

**(ကျော်သူထက်၊ မျိုးမြင့်)**

❒❒

---

**❒ တောဆင်ရိုင်းမှ**

ဦးတည်ရာလမ်းကြောင်းမပြောင်းလဲစေရေး၊ ဆင်များအနှောင့်အယှက်မဖြစ်စေရေး၊ ဒေသခံများအန္တရာယ်မဖြစ်စေရေးအတွက် ဆင်များကို အနီးကပ် လာရောက်ကြည့်ရှုခြင်း မပြုရန်နှင့် ဆင်များဖြတ်သန်းမည့် ခန့်မှန်းလမ်းကြောင်းများတွင်လည်း သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများက သတိပေးလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း ရွာသူရွာသားများက ဆိုင်ကယ်များအုပ်စုဖွဲ့၍ လူ ၅၀-၇၀ မှ ၂၀၀ အထိ မြောက်မြားစွာ လာရောက် ကြည့်ရှုဆူညံခြင်းပြုလုပ်လျက်ရှိရာ ဆင်များကိုမူလနေရာပြန်ပို့မည့် လမ်းကြောင်းအတွက် အနှောင့်အယှက်ဖြစ်သလို ဒေသခံများအတွက်လည်း အန္တရာယ်ကို လက်ယပ် ခေါ်နေသလိုဖြစ်ကြောင်း တောဆင်ရိုင်းများ သွားလာလမ်းကြောင်းအတိုင်း လိုက်ပါကာ အနီးကပ်စောင့်ကြည့်နေသည့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

"တောဆင်ရိုင်းတွေက လွန်ပင်ကုန်းရွာဘက်ကို နံနက် ၈ နာရီကတည်းက ရောက်နေတာပါ။ တစ်နေကုန် လျှိုထဲမှာပဲ ခိုနေကြတယ်။ သူတို့ကို မူလကျက်စားရာဆီ ပြန်ပို့ဖို့ကတော့ အခုညနေကျမှ ဆင်ယဉ်တွေသုံးပြီး စတင်ထိန်းကျောင်းမောင်းနှင်တာပါ။ အခုတော့ စံပြကျေးရွာနဲ့ မဲထီးကျေးရွာဘက်ကို ဦးတည်ပြီး မောင်းနေပါတယ်။ အခုညနေမှ စမောင်းတာဆိုတော့ နောက်ထပ်ဘာတွေထပ်ဖြစ်မလဲဆိုတာ အတိအကျပြောလို့မရသေးပါဘူး" ဟု ကျောက်ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်ကပြောသည်။

**(နိုင်လင်းကြည်)**

---

# မြန်မာယူ-၁၉ အသင်း သရေပွဲကြုံတွေ့

အာဆီယံယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းမှာ သရေပွဲကြုံတွေ့ခဲ့ရသည်။

**မြန်မာ ယူ-၁၉ - တစ်ဂိုး**
**တီမော ယူ-၁၉ - တစ်ဂိုး**

အကောင်းဆုံးခြေစွမ်းမရသေးသည့် မြန်မာယူ-၁၉ အသင်းမှာ ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး နောက်ကျ ချေပဂိုးကြောင့်သာ သရေတစ်မှတ်ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်ပွဲဆက်ရှုံးထားသည့် တီမောအသင်းမှာ ယခုပွဲတွင် မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် နိုင်ပွဲထပ်မံ ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။

ပွဲအစ တစ်မိနစ် မပြည့်မီမှာပင် မြန်မာအသင်းဂိုးစပေးခဲ့ရပြီး မြန်မာနောက်တန်းအမှားကို အခွင့်ကောင်းယူကာ အယ်လ်ဘာတိုက တီမောအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ အကောင်းဆုံးပုံစံ မရသေးသည့် အပြင် စောစီးစွာဂိုးပေးခဲ့ရ၍ ကစားကွက်တည်မရခဲ့ဘဲ တီမောအသင်း၏ ဆက်တိုက်ဖိအားပေးခြင်းခံခဲ့ရသည်။

တီမောတိုက်စစ်မှူးများ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့၍ မြန်မာအသင်း သက်သာရာရခဲ့ သည်။ မြန်မာအသင်းမှာ ချေပဂိုးပြန်လည်ရရှိရန် တိုက်စစ်အားမြှင့်ခဲ့သော်လည်း တီမောနောက်တန်းကို ထင်သလို မခြိမ်းခြောက်နိုင်ခဲ့ပေ။ ၇၉ မိနစ်တွင် ကျော်ကိုကိုဦး၏ ခေါင်းတိုက်ချက် ဘားထိထွက်ခဲ့သလို ၈၇ မိနစ်တွင် အောင်ကောင်းမာန် အပိုင်ကန်ခွင့်ရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ပွဲပြီးခါနီး နာကျင်အချိန်ပိုကျမှ မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး အောင်ဇင်ဖြိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် နှစ်ပွဲကစားအပြီးတွင် လေးမှတ်သာရရှိသေးပြီး သြဂုတ် ၂၉ ရက်တွင် မလေးရှား နှင့် ကစားရမည်ဖြစ်သည်။

**[သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF]**



---

# ဂိုးမိုးခေါင်နေမှုကို ဟက်ထရစ်သွင်းကာ ရွှန်းနီအဆုံးသတ်ပြီး မန်ယူက ဘရုဂ်ျအား အနိုင်ယူ



**သြဂုတ် ၂၆ရက်က ချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ကလပ်အသင်း မန်ယူနဲ့ ဘယ်လ်ဂျီယံကလပ်အသင်း ဘရုဂ်ျတို့ရဲ့ ပွဲစဉ်မှာ မန်ယူက လေးဂိုးပြတ်နဲ့အနိုင်ယူပြီး နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး- တစ်ဂိုးနဲ့နိုင်ကာ ချန်ပီယံလိဂ်အုပ်စု အဆင့်ပြိုင်ပွဲတွေဆီကို အရောက်လှမ်းနိုင်ခဲ့ပါပြီ။ မန်ယူက ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာပြီး တိုက်စစ်ကို ထုံးစံအတိုင်း ရွှန်းနီကဦးဆောင်ကာ ကစားခဲ့ပါတယ်။**

ဘရုဂ်ျကတော့ ပြီးခဲ့တဲ့အကျော့က အသုံးပြုခဲ့တဲ့ ကစားကွက်အတိုင်း ၄-၁-၃-၂ကစားကွက်ကိုပဲအသုံးပြုပြီး အိမ်ကွင်းမှာ မန်ယူကို အသာရဖို့တိုက်စစ်ဖွင့်ပြီး ကစားခဲ့ပါတယ်။ ဒါပေမယ့် မန်ယူဟာ ပွဲအစမိနစ် ၂၀မှာပဲ ဒီပေးရဲ့ ကန့်လန့်ဖြတ်ပေးပို့မှုကို ရွှန်းနီက ဘရုဂ်ျဂိုးသမား ဘိုလက်ကိုကျော်ပြီး အပိုင်ကန်သွင်းယူခဲ့လို့ မန်ယူအဖွင့်ဂိုးစရပါတယ်။ ဒီဂိုးဟာ ရွှန်းနီအတွက် ၈၇၈ မိနစ်ကြာ ဂိုးပေါက်ပျောက်နေမှုကို အဆုံးသတ်ပေးနိုင်ခဲ့တဲ့ဂိုးဖြစ်ရုံမျှမက သူ့အတွက် ချန်ပီယံလိဂ်သွင်းဂိုး ၃၀ ပြည့်မြောက်ခဲ့တဲ့ဂိုးလည်းဖြစ်ခဲ့ပါတယ်။ နောက်ပွဲချိန် ၄၉မိနစ်နဲ့ ၅၇ မိနစ်တို့မှာ ရွှန်းနီကပဲ ဂိုးတွေထပ်မံသွင်းယူနိုင်ခဲ့တာကြောင့် ဟက်ထရစ်ဂိုးရရှိခဲ့တဲ့ ကစားသမားဖြစ်ခဲ့သလို သူ့အပေါ် ဝေဖန်မှုတွေကိုလည်း ချေဖျက်ပြနိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်းရွှန်းနီက "ရိုးရိုးသားသားပြောရရင် ကျွန်တော်ဟာ စိတ်ဓာတ်အင်အား ကြံ့ခိုင်သူဆိုတော့ ဝေဖန်မှုတွေအပေါ် သိပ်ပြီး ဂရုမစိုက်တတ်ပါဘူး။ ရာသီအဖွင့်မှာ ဂိုးမသွင်းနိုင်တာဟာ သုံးပွဲ၊ လေးပွဲဒါမှမဟုတ် ဒီထက်လည်းကြာချင်ကြာနိုင်ပါတယ်။အခွင့်အရေးတွေရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဂိုးတွေပြန်သွင်းနိုင်မယ်ဆိုတာ အစကတည်းက ယုံကြည်ထားပြီးသားပါ။ ကျွန်တော်ကိုယ့်အရည်အချင်းအပေါ် မှာလည်း ဘယ်တုန်းကမှ သံသယမဝင်ခဲ့ဘူးပါဘူး" လို့ ပွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။

ဒီပွဲရဲ့ ပွဲသိမ်းဂိုးကိုတော့ ပွဲချိန် ၆၃ မိနစ်မှာ ဟာရဲရားက သွင်းယူပေးတာဖြစ်ပါတယ်။ မန်ယူအနေနဲ့ ပင်နယ်တီပြစ်ဒဏ်အပါအဝင် သေချာပေါက်နောက်ထပ်ဂိုးရမယ့်အခွင့်အရေးတွေ ထပ်ရသေးပေမယ့် ဟာရဲရားနေရာမှာ လူစားဝင်လာတဲ့ ဟာနန်ဒက်ဇ်ဖြုန်းတီးပစ်ခဲ့လို့ ဒီထက်ဂိုးရမယ့်အခွင့်ရေးတွေဆုံးရှုံးခဲ့ရပါတယ်။

ဒီပွဲမှာ ရွှန်းနီကောင်းခဲ့သလို မန်ယူနောက်တန်းက လုခ်ရှောနဲ့ ကွင်းလယ်လူရှဝိန်းစတိုင်ဂါတို့လည်း ခြေစွမ်းပြနိုင်ခဲ့ကြပါတယ်။ ကွင်းလယ် တိုက်စစ်ကို ပုံဖော်ခဲ့ကြတဲ့ ဟာရဲရား၊ မာတာနဲ့ ဂျာနျူဇက်တို့ဟာလည်းရွှန်းနီရဲ့ သွင်းဂိုးတွေရရှိစေဖို့ ပုံဖော်နိုင်ခဲ့ကြလို့ မန်ယူတိုက်စစ်ဟာ ပွဲအစ အဆုံးတောက်လျှောက် ကျဆင်းသွားခြင်းမရှိခဲ့တာဖြစ်ပါတယ်။ကွင်းလယ်ဒိုင်အဖြစ် စပိန်လူမျိုး အန်တိုနီယို လာဟိုကကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံးကစားသမားဆုကိုလည်း ရွှန်းနီကပဲ ဆွတ်ခူးရရှိခဲ့ပါတယ်။

**[ရှိုင်းယန်ဟေဒင်]**

# ဓားဖြင့်ထိုး၍ ဆိုင်ကယ်လုယက်သူနှစ်ဦးကို နာရီပိုင်းအတွင်း ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိ

**ကော့ကရိတ် ဩဂုတ် ၂၇**

ကော့ကရိတ်မြို့မရဲစခန်းတွင် ဩဂုတ်၁၉ရက်က တာဝန်မှူး ရဲအုပ်ထွန်းထွန်း တာဝန်ထမ်းဆောင်နေစဉ် ခရိုင်ပြည်သူ့ဆေးရုံသို့ ဓားဒဏ်ရာဖြင့်လူနာတစ်ဦးရောက်ရှိလာကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ဒဏ်ရာရရှိသူမှာ မြဝတီမြို့နေသူ ခင်မောင်ဇင် (၃၂)နှစ်ဖြစ်ပြီး Wave 110 ဆိုင်ကယ်နှင့် မြဝတီမြို့ မြန်မာ့စီးပွားရေးဘဏ်အရှေ့တွင် ဂိတ်ထိုးထားစဉ် အမျိုးသားနှစ်ဦးမှ ကော့ကရိတ်မြို့နယ် နဘူးကျေးရွာသို့ ငွေကျပ် ၁၃၀၀၀ဖြင့် ငှားရမ်း၍ လိုက်ပို့ခဲ့သည်။

မြဝတီ-ကော့ကရိတ် အာရှအဝေးပြေးလမ်းသစ်မှ ကော့ကရိတ်-နဘူးလမ်းအတိုင်းဆက်လက်မောင်းနှင်စဉ် ထီးဝါးဆူးကျေးရွာလမ်းခွဲသို့အရောက် ဆိုင်ကယ်ငှားရမ်းလာသူနှစ်ဦးက ဆက်လက်မောင်းနှင်ခိုင်းသောကြောင့် မလိုက်နိုင်တော့ကြောင်းပြောပြီး နောက်ကြောင်းပြန်လှည့်စဉ် ငှားရမ်းသူနှစ်ဦးက ဓားမြှောင်ဖြင့် ဝိုင်းထိုးသဖြင့် တိမ်းရှောင်ထွက်ပြေးခဲ့ရပြီး ဆိုင်ကယ်ကိုငင်းတို့နှစ်ဦးက လုယူသွားခဲ့ကာ ဆိုင်ကယ်မောင်းနှင်သူ ခင်မောင်ဇင်တွင် ဒဏ်ရာများရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ သွားရောက်ရှာဖွေရာ ည ၁၀ နာရီခန့်တွင် မြပတိုင်ကျေးရွာအနီးတွင် ပြစ်မှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဇီးပင်ကုန်းကျေးရွာနေ အောင်အောင် (၂၃) နှစ်နှင့် မော်လမြိုင်မြို့ တိုးချဲ့(၅)လမ်း မုပွန်ရပ်ကွက်နေ ရဲမင်း(၂၈)နှစ်တို့အား သုံးနာရီအတွင်း အဆိုပါဆိုင်ကယ်၊ သက်သေခံဓားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# ခိုခေးလမ်းကြားတွင် ၁၂ ဘီးယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော နွားများ သိမ်းဆည်းရမိ

**မူဆယ် ဩဂုတ် ၂၇**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် တရားဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ဩဂုတ် ၂၂ ရက်က မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်စခန်း ထုတ်နုတ် Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင် ဦးစီးအဖွဲ့သည် မော်တောင်းရွာအနီး ခိုခေးလမ်းကြား၌ 2C/. . . ၁၂ ဘီးယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော နွား ၂၅ ကောင်အား ယာဉ်၊ ယာဉ်နောက်လိုက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ နွား ၂၅ ကောင်နှင့် ယာဉ်အား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းကာ နွားများအား မူဆယ်မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံမည်ဖြစ်ပြီး ယာဉ်အား အကောက်ခွန် ဦးစီးဌာနသို့အပ်နှံပြီး ယာဉ်နောက်လိုက်အား မူဆယ်မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကျော်မြင့်ဆန်း)**

# ဟိုက်ဂျက်ယာဉ် တိမ်းမှောက်၍ ယာဉ်ပေါ်ပါ ၁၁ ဦး ဒဏ်ရာများရရှိ

**နေပြည်တော် ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သဗျာကျေးရွာ လောင်းလုံး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် (၁၂/၃)တွင် ဩဂုတ် ၂၄ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က လောင်းလုံးမြို့နယ် ပညစ်ကျေးရွာနေ ကံထွေး(၃၉)နှစ် မောင်းနှင်လာပြီး ရွာသူ ရွာသား ၁၀ ဦး လိုက်ပါလာသည့် 7G/-- ဟိုက်ဂျက်ယာဉ်သည် လောင်းလုံးမြို့နယ် သဗျာကျေးရွာ လောင်းလုံး-ထားဝယ်ကားလမ်း မိုင်တိုင်အမှတ် (၁၂/၃)အရောက် လမ်းဘေးရှိ သစ်သားဓာတ်တိုင်အား တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကံထွေး၊ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ပညစ်ကျေးရွာနေ မအေးသန်း(၁၆)နှစ်ပါ ၁၀ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကံထွေးအား လောင်းလုံးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းများသိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် တန့်ယန်းမြို့နယ် ပိန်းရုံးကျေးရွာမှ ကျောက်မဲသို့ အိုက်လူ မောင်းနှင်ပြီး မနန်းနော် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄၀၊ အလားတူ ဩဂုတ် ၂၃ ရက်က သီပေါမြို့နယ် ပန်ညုကျေးရွာမှ ကျောက်မဲမြို့သို့ သန်းထွေး မောင်းနှင်ပြီး အောင်မိုး လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၊ ထို့အတူ ကျိုင်းတုံမြို့တွင်းမှ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းမပေါ်ရှိ သော်တာဝင်း တိုးဂိတ်အရောက်တွင် ဆိုင်ကယ်ကို ထား၍ ထွက်ပြေးသွားသဖြင့် ရှာဖွေရာ ဆိုင်ကယ်ရှေ့ခြင်းအတွင်းမှ ဘိန်းစိမ်း ၃ ဒသမ ၁ ကီလို နှင့် ဘိန်းစိမ်း ၁၁ ဒသမ ၁၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၀ ရက်က ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မြတ်ကိုဦး(ခ)မြတ်ကို ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ဝ၃၂၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ငွေကျပ် သုံးသိန်းနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



အိုက်လူနှင့် မနန်းနော်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လမ်းလယ်ကျွန်းဘာရီယာတုံးအား တိုက်မိတိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၂၅/၅-၆)ကြားတွင် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီ ခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၄/မြောက်)ရပ်ကွက်နေ ဦးတင်သန်း(၅၄)နှစ်မောင်းနှင်လာသည့် 1K/---- TOYOTA WISH ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘာရီယာတုံးအား တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ဦးတင်သန်း၊ ယာဉ်ပေါ်တွင် လိုက်ပါလာသော (၄/မြောက်) ရပ်ကွက်နေ ကိုသန်းထက်အောင်(၁၉)နှစ်ပါ သုံးဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဦးတင်သန်းအား ပန်းတင်အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

❒ ❒

## သိမ်းဆည်းရမိယာဉ်များ လွှဲပြောင်းအပ်နှံ

**နောင်ချို ဩဂုတ် ၂၇**

ကုန်ပစ္စည်း ပို့ဆောင်မှုန်ကန်စွာရှိရေး ဆောင်ရွက်နေသည့် (Mobile Team)လရ (၁)အဖွဲ့ယာဉ်များ စစ်ဆေးကြရာ တရားမဝင်သစ်များ တင်ဆောင်လာသည့် ပိုင်ရှင်မဲ့ယာဉ်များ အပါအဝင် ယာဉ်ငါးစီးအား သိမ်းဆည်းခဲ့ပြီး မန္တလေးမြို့ အကောက်ခွန်ဦးစီးဌာနသို့ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက အပ်နှံလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**(စိုးဝင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဘိလပ်မြေအိတ်(၅၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စျေးနှုန်းလွှာပိတ်ရက်မှာ ၁-၉-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀၀(ကျပ်သုံးသောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**



(၂၈-၈-၂၀၁၅ ထွက်ပြီ)

- ဆရာဝန်တွေရဲ့ အယူအဆနဲ့ အချိန်မပေးနိုင်မှုကြား လူနာ ဒုက္ခများ
- ရန်ကုန်ထက် ဈေးသက်သာမယ့် စက်မှုဇုန်ဆိပ်ကမ်း ပုသိမ်မှာ တည်ဆောက်မည်
- ကုန်ဈေးနှုန်းဒဏ် မရှုမလှခံနေရတဲ့ ဘဝခါးခါးများ
- သင်ရိုးပြောင်းတိုင်း ပညာရေးမပြောင်းပါ
- အမြင်အာရုံချို့တဲ့သူ ၁.၂ သန်းကျော် ဆန္ဒမဲ ဘယ်လိုပေးရမလဲ
- နိုင်ငံ့ကြွေးမြီ ကျပ် ဘီလျံ ၂၀,၀၀၀ ကျော်ပြည်ပချေးငွေ ဆက်ခွင့်ပြုနေ



# စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**အင်းတော် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်ခင့်အုပ်စု လက်ပံကုန်းကျေးရွာအနီးရှိ အင်းတော်ချောင်းအတွင်း ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ NGO အဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြို့ပေါ် (၄)ရပ်ကွက်နှင့် နန့်ခင့်ကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသော ဒါနသုခမှ ကားတစ်စီး၊ မြတ်စေတနာအသင်းမှ ကားတစ်စီးနှင့် လမ်းဦးစီးဌာနမှ ကားတစ်စီးတို့ဖြင့် နန့်ခင့်အုပ်စု လက်ပံကုန်းကျေးရွာအနီးရှိ အင်းတော်ချောင်းအတွင်း ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အဖွဲ့သည် လက်ပံကုန်းပရိယတ္တိစာသင်တိုက်မဏ္ဍပ်ရုံတွင် ပြည်သူလူထုများအား သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**ကိုနိုင်(အင်းတော်)**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန
## (ယခင် မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်) အကြွေးပေးသွင်းရန် ပျက်ကွက်သည့်လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ (ပ)နံပါတ်မကျမီ ကြွေးပေးဆပ်သော ဦးမြင့်ကျော်နှင့် ဦးစောသိန်းတို့အား အမှုရုပ်သိမ်းပေးပြီးဖြစ်ပါသည်။ (ပ)နံပါတ်ကျပြီးမှ ကြွေးပေးဆပ်သော ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်တို့ လုပ်ငန်းရှင်(၁၄)ဦးအား ဌာနအနေဖြင့် အမှုရုပ်သိမ်းပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အောက်ပါလုပ်ငန်းရှင် (၃၉)ဦး သည် ၂၆-၈-၂၀၁၅ ရက်နေ့အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံး ပေးသွင်းနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်-

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | ၁၂/တတန(နိုင်)၀၅၈၅၅၀ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၉. ၃၂၁ |
| ၂။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | ၁၂/တတန(နိုင်)၁၃၄၄၁၇ | ကျွန်းတော ၃လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၅. ၀၅၀ |
| ၃။ | ဦးစိုးသန်း | ဦးသန်းစိန် | ၁၂/တတန(နိုင်)၀၅၆၂၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄. ၆၁၅ |
| ၄။ | ဦးကြည်ငွေး | ဦးဘီဘူဂါဒင် | ၁၂/တတန(နိုင်)၀၅၆၁၅၆ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆. ၆၃၅ |
| ၅။ | ဦးတင်စိုး | ဦးအောင်စိန် | ၁၂/ထတပ(နိုင်)၀၄၃၈၀၈ | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၀. ၃၉၆ |
| ၆။ | ဦးသိန်းငွေး | ဦးကျော်မြင့် | ၁၂/ဒဂတ(နိုင်)၀၂၂၇၇၉ | ၈၅၊ သရက်တော ၅ လမ်း၊ ကြည့်မြင်တိုင် | လုပ်ငန်းရှင် | ၁၀၃. ၈၈၇ |
| ၇။ | ဦးတင်မောင်စိုး | ဦးတင်အေး | ၁၄/ပတန(နိုင်)၁၀၇၉၄၉ | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၇. ၃၉၂ |
| ၈။ | ဦးမင်းဆွေ | ဦးထွန်းငြိမ်း | ၁၀/သဖရ(နိုင်)၀၄၃၈၀၅ | ၁၁၀၊ ၁ ရပ်ကွက်၊ ပုဇွန်တောင် | လုပ်ငန်းရှင် | ၆. ၀၀၀ |
| ၉။ | ဦးသိန်းဝင်း | ဦးကနော်စန်း | ၁၂/သဃက(နိုင်)၁၃၈၀၂၄ | ၁၀၆၁၊ အောင်သီရိလမ်း၊ ဒဂုံမြောက် | 'ကိုလေး'အစာ | ၃၇. ၅၆၇ |
| ၁၀။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | ၇/နတလ(နိုင်)၀၀၀၁၅၅ | ပီ-၁၇၊ ငုဝါ ၅ လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇. ၈၅၄ |
| ၁၁။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | ၁၂/ဗဟတ(နိုင်)၁၀၀၅၈၄ | ၂၄၁၊ ၃၉လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂. ၅၉၀ |
| ၁၂။ | ဦးမြင့်စိုး | ဦးစံညိမ်း | ၁၂/ထတပ(နိုင်)၀၁၆၆၄၈ | တိုက်-၉၊ အခန်း-၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၁၃၇. ၄၈၂ |
| ၁၃။ | ဦးကျော်စွာဝင်း | ဦးလှဆောင် | ၁၂/တတန(နိုင်)၀၁၆၅၄၆ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၂၈. ၅၁၆ |
| ၁၄။ | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | ၅/စကန(နိုင်)၁၄၆၇၆၃ | အမှတ်-၆၊၃ ရပ်ကွက်၊ တောင်ဥက္ကလာ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂. ၉၈၆ |
| ၁၅။ | ဦးကျော်စိန် | ဦးသန်းတင် | ၁၄/ပတန(နိုင်)၀၁၅၉၇၁ | ဂရက်တာကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃. ၉၇၁ |
| ၁၆။ | ဦးကျော်ဝင်း | ဦးစံထွန်း | KYN ၁၀၈၀၈၂ | စက်စုပိုင်း၊ ၉ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၃၀. ၀၇၄ |
| ၁၇။ | ဦးနေမင်းထက် | ဦးဝင်းမောင် | ၁၂/အစန(နိုင်)၀၄၈၆၁၈ | ခြံ ၁၃၊ ၁၀ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉. ၆၀၀ |
| ၁၈။ | ဦးစံငြိမ်း | ဦးမြိုင် | ၁၂/တတန(နိုင်)၀၁၁၄၇၂ | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀. ၅၂၆ |
| ၁၉။ | ဦးမြင့်ဇော်အေး | ဦးအေး | ၁၂/တတန(နိုင်)၀၀၆၁၉၃ | ၆၊ ဘုရားလမ်း၊ ကျွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅. ၇၇၅ |
| ၂၀။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | ၆/မမန(နိုင်)၁၁၇၂၅၈ | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ် | ကြက်စာရောင်းဝယ်ရေး | ၅၆. ၃၆၂ |
| ၂၁။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | ၁၂/လမန(နိုင်)၅၀၁၇၉၁ | ၄၄-ခ၊ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd | ၁၇. ၂၆၅ |
| ၂၂။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | ၁၂/လသန(နိုင်)၀၀၉၃၇၄ | ၉၂၊ ဗိုလ်ရွဲလမ်း၊ လသာ | လုပ်ငန်းရှင် | ၁၇. ၉၄၃ |
| ၂၃။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | ၁၂/တတန(နိုင်)၁၁၈၄၅၂ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁. ၉၄၃ |
| ၂၄။ | ဦးစိန်သောင်းဦး | ဦးထွေးအောင် | ၁၂/တတန(နိုင်)၀၅၆၃၂၈ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၁၀. ၂၉၉ |
| ၂၅။ | ဦးဝင်းလှိုင် | ဦးလှကြည် | ၁၂/တတန(နိုင်)၀၇၄၈၉၃ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၅၂. ၀၀၆ |
| ၂၆။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | ၁၂/တတန(နိုင်)၀၁၀၆၇၈ | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃. ၉၈၁ |
| ၂၇။ | ဦးစန်းလှ | ဦးတင်ဝင်း | ၁၂/တတန(နိုင်)၀၃၈၁၁၃ | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၅. ၈၄၂ |
| ၂၈။ | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | ၁၂/တတန(နိုင်)၀၅၆၅၈၇ | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၆၂. ၂၁၁ |
| ၂၉။ | ဦးလှအောင် | ဦးသာစယ် | ၁၂/ထတပ(နိုင်)၀၄၅၈၁၉ | ရေစိုကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၆. ၇၀၀ |
| ၃၀။ | ဒေါ်လေးလေးခိုင် | ဦးတင်ထွန်းဝင်း | ၁၂/အလန(နိုင်)၀၀၀၁၆၀ | ၂၊ သစ်တောလမ်း၊ အလုံ | အာရှသား International Co,Ltd | ၄၀၆. ၅၈၉ |
| ၃၁။ | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၉၀. ၈၇၇ |
| ၃၂။ | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၈၉/၉၀၊ ၃-ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၇၃၄. ၆၉၅ |
| ၃၃။ | ဦးသုတရွှေ၊ ဦးလှမြင့်အောင် | ဦးရွှေပိုင်း | ၁၃/မပတ(နိုင်)၀၀၃၂၆၄ | အစာစပ်စက်ရုံ၊ ညောင်တုန်း | ဖြိုးဧရာကုမ္ပဏီ | ၅၅၁၆. ၆၇၇ |
| ၃၄။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၃၁ | ၄၀၂၊ ၉လမ်း၊ သမိုင်း ၁ရပ်ကွက်၊ မရမ်းကုန်း | ရွှေဘုံစံပွဲရုံ | ၂၀၅၇. ၅၆၆ |
| ၃၅။ | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၁၁၅၀၁၂ | ၃၈၊ ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆၉. ၃၂၉ |
| ၃၆။ | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၃၀၅၊ တိုက်၇၊ ၄ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း | လုပ်ငန်းရှင် | ၁၄၁၀. ၇၄၅ |
| ၃၇။ | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉. ၇၁၉ |
| ၃၈။ | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၁၃၀၈၈၀ | စက်မှုဇုန် ၂၊ ပြည်ကြီးတံခွန်၊ မန္တလေး | စိန်စိန်တိုးဆီစက် | ၆၇၁. ၂၄၆ |
| ၃၉။ | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း | 'မြပန်းခေတ်ကုမ္ပဏီ' | ၄၈၄. ၃၄၄ |

၃။ အကြွေးပေးသွင်းရန် ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ (အပက-၃) အရ "မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀) နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်"ဖြစ်ပါသည်။

(ခ) ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ရှားပါးနေသော ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်စာအုပ်ကို စာဖတ်ပရိသတ်များအတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြသွားမည်ဖြစ်သည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

သက္ကရာဇ် ၁၂၁၁ ခု၊ သာယာဝတီမင်း လက်ထက်တွင် ရွှေတချောင်းတိမ်ကောနေသည်များကို မန္တလေးမြို့ မတည်မီ တူးဖော်ခဲ့သေးသည်။ အမရပူရမြို့တည် နန်းတည်မင်းတရားကြီး တူးဖော်ခဲ့သည့် ရွှေတချောင်း မြောင်းတော် ကို ဆင်းရဲသားတို့ လုပ်ငန်းဆောင်တာပေါ များလာရာ လယ်ယာအများအပြား ဖြစ်ထွန်းစေခြင်းငှာ ရွှေတချောင်း မြောင်းဝဗောင်းတော်ကျဘုရားအနောက် ကတောင်ကို လက်ဆည်ကန်အထိ တာပေါင်း ၁၃၄၀၊ ၎င်းက တောင်ကို တက်သေးအင်း (ကန်တော်ကြီး) ဆူးပန်း ကန်ထိတာ ၁၄၀၀ ကျော်တူးဖို့ပြင်ဆင်ရန်ရှိသည်ကို အစဉ်ထာဝရရေစီးရေလာ အစီးအသွား ကောင်းမွန်စွာ ဖြင့်ကြောင်းငှာ ထိုသက္ကရာဇ် ပြာသိုလပြည့်ကျော် ၁၂ ရက်ကစ၍ ဝန်ကြီးသတိုးမင်းရာဇာလက်ဝဲမင်းကျော် သီဟတို့ကို ကြီးကြပ်တူးဖော်ဆည်ဖို့ ပြင်ဆင်စေသည်။

**ရွှေလောင်းမြောင်းတော်**

ရွှေလောင်းမြောင်းတော်သည် အမရပူရ ဒုတိယ မြို့တည်နန်းတည် ခမည်းတော်မင်းတရားကြီးဘုရား လက်ထက်တော်၌ အမိန့်တော်မြတ်နှင့် လဲချားစော်ဘွား ကို ကြီးကြပ်စေ၍ အမှုထမ်းဆင်းရဲသားတို့ ဆည်ဖို့ တူးဖော်စေရာ သဖန်းကိုင်းဆည်ကစ၍ အမရပူရမြို့သို့ ရေဖျားရောက်သည်။

**ဒင်္ဂါးချောင်း**

ဒင်္ဂါးချောင်း မြောင်းတောင်မှာ ရွှေလက်ထက်တော်မှ အမှုထမ်းတို့ကို စက်ရုံတော်ဖြစ်ဒေါင်းဒင်္ဂါးများပေးသနား မှု၍ ဆည်ဖို့တူးဖော်စေသောကြောင့် ယခုတိုင် ဒင်္ဂါး ချောင်းဟု ခေါ်သည်။

**ရတနာနဒီနန္ဒာကန်**

မတ္တရာမြစ်(ဆည်တော်ကြီး)ကို ကျောက်ခန်း ကျောက် ဆည်ခိုင်ခံ့အောင် လုပ်ဆောင်စေပြီးလျှင် ရေစီးရေလာ ကောင်းမွန်အောင် ပြင်ဆင်၍ နန္ဒာကန်သို့ စီးဆင်းစေ သည်။ ယင်းနန္ဒာကန်သည် ရွှေမြို့တော်ရှေ့ကိုလျှောက်၍ ရှေ့ဝင်းမှူး သူရဲဝန်ကြီး မဟာသမိန်ဘေဖြတ်စကို အကြီး အအုပ်ခန့်ပြီးလျှင် စဉ့်ကူးမြို့ဝန် မတ္တရာဆည်ဝန် ရွှေး လက်ယာဗိုလ်တို့ကို စဉ့်ကူးမြို့ကသည် ရွှေမြို့တော် ရောက် ရေသောက်မြို့ကျေးရွာအစု၊ အမှုထမ်းက လူတို့ နှင့်တူးဖော်စေရာ ရေစီးရေလာကောင်း၍ ရတနာနဒီ သမုတ်ပြီး ဤနန်းမြေဘုံသာစံနန်းတော်က ရတနာ နဒီစံ နန်းတော်သို့ ထွက်တော်မူသည်။ (၁၈၆၃၊ မတ် ၂၆ တွင် ရတနာနဒီသမုတ်သည်။) ၁၂၂၉ ခုနှစ်၊ နယုန်လ နန္ဒာကန်တော်၊ အောင်ပင်လယ်ကန်တော် ရေယူရန် အထက်တူးလုပ်သည့်မြောင်း တိမ်ကောနေသည်ကို တာသုံးထောင်ကျော် တစ်ဖက်ဆည်ကန်၊ မြို့ဝန် မြို့စားမင်းကြီး မဟာမင်းခေါင်သူရိန်တို့ ကြီးကြပ်ဆည်ဖို့ လုပ် ဆောင်ပြီးလျှင်ပွဲနှစ်ဆယ့်လေးထား၍ မဟာ အဓိကရန်ကန် သမုတ်တော်မူသည်။ ကန်အောက် ရွှေ တချောင်းမြောင်းထိ လယ်ပယ်မတွင်သည်များကိုလည်း ငွေတော်ထုတ်ပေး ခုတ်လုပ်တည်ကျင်းပြီးလျှင် မျိုးနွားပေး၍ လုပ်ဆောင်စေသည်။

မန္တလေးမြို့စတင်တည်ရန်ပြင်ဆင်ချိန်နှင့် တစ်ပြိုင် တည်းမှာပင် အောင်ပင်လယ်ကန်တော်၊ နန္ဒာကန်တော် ကန်ရိုး၊ ကန်ပေါင် ယိုယွင်းနွံနိမ့်သည်များကို ဘေးတော် အမရပူရမြို့တည် မင်းတရားကြီး ထွက်စံဆည်ဖို့လုပ် ဆောင် သကဲ့သို့ ကန်ကောက်စံနန်းတော်သို့ ထွက်တော်မူ ၍ အခါတော်နှင့်စ၍ ဆည်ဖို့လုပ်ဆောင်စေသည်။ မပြီး သည်ကိုလည်းနန္ဒာကန်တော်မှာ အိမ်ရှေ့မင်းနှင့် မှူးမတ် အရာရှိတို့ အောက်ပင်လယ်မှာလည်း သေနက်ဝန်ကြီးနှင့် မှူးမတ်အရာရှိတို့ ခန့်ထားဆည်ဖို့လုပ်ဆောင်စေခဲ့ ၏။

မြို့တော်၊ နန်းတော်တည်ပြီးသောအခါ ရွှေနန်းတော် အတွင်း ရေကန်တော်၊ မြို့တော်အတွင်းလမ်း လက်ဝဲ၊ လက်ယာ မြောင်းများကိုလည်း ပြည့်လျှမ်အောင်သွင်း စေသည်။ စံနန်းတော်ရှေ့ ကက်ကြို့ဖောင်ထား၍ ရံဖန်ရံခါ ထွက်တော်မူသည်။ လှေအမှုထမ်းတို့ကိုလည်း လှေလောင်ပေးအပ်၍ လှော်ပြိုင်စေသည်။ လှေသား တို့ကိုလည်း ပုဆိုး၊ ခေါင်းပေါင်း သနားတော်မူသည်။

**မန္တလေးမြို့ရပ်ကွက်အမည်များကိုမန္တလေးမြို့သည် ဘာသာ၊ သာသနာ၊စာပေ၊ယဉ်ကျေးမှု ထွန်းကားသည့်မြို့တော်ဖြစ်မည့် အတိတ်နိမိတ်အတိုင်း မြန်မာဆန်သော ထီးဟန်၊ နန်းဟန် အဓိပ္ပာယ်ပြည့်ဝသော အမည်များဖြင့် မှည့်ခေါ်သတ်မှတ်စေခဲ့၏။ အချို့ရပ်ကွက်များသည် ရတနာသိယ်ပြည်ရွှေဘို၊ အင်းဝ၊ အမရပူရမြို့တော်များမှ မြစ်ဖျားခံခဲ့ပြီး အချို့လည်း ရာဇဝင်သမိုင်းဆိုင်ရာ အမည်များဖြစ်၏။ အချို့လည်းဒေသအလိုက် နေရာ အခေါ်အဝေါ်များပေးခဲ့ကြ၏။ မင်းတုန်းမင်းလက်ထက် ခွဲခြားသတ်မှတ်ခဲ့သော ရပ်ကွက်အမည်များမှာ...**

မန္တလေးခေတ်၌ ရွှေကြိုးသတ်နယ်မြေအတွင်းချောင်း များ၊ မြောင်းများမှာ ပေါများလှသည်။ မြေပုံထဲ၌ ယခုခေတ် အမရပူရ ပုသိမ်ကြီးနယ်ကျေးရွာအမည်များ တွေ့ရှိရသည့်အပြင် ချောင်း မြောင်းအမည်များပါ အသေးစိတ်ထည့်သွင်းထား၏။ ချောင်းများတွင် တံ့ကြီးချောင်း၊ သင်္ဂဇာချောင်း၊ နားတောင်း ကျချောင်း၊ လက်ကောက်ပင်ချောင်း၊ ရေကြူပေါက်ချောင်း၊ မဲအိုး ချောင်း၊ ကန်များအနက် ကန်ကြီး၊ ကန်လှ၊ ကုက္ကိုတန်း ကန်၊ ကြာကန်၊ စည်တွင်းကန်၊ သမင်တွင်းကန်၊ တမုတ်ဆိုးကန်၊ တောင်ကန်၊ နှံကြဲကန်၊ မြကန်၊ မြောင်း တွင်းကန်၊ အစုရေးကန်၊ မဟာအဓိကရကန်နှင့်ကြ၏။ အင်းများမှာ အင်းပေါင်း ၇၀ ခန့်ရှိသည်။ အချို့ ကော ကုန်သည်။ အချို့လည်း ကန်ဖြစ်လာသည်။ တက်သေး အင်း (ကန်တော်ကြီး)နှင့် တောင်သမန်အင်း (တောင် သမန်ကန်) တို့ဖြစ်သည်။

**လေးပြင်လေးရပ်**

မန္တလေးမြို့တော်ကို သာသနာတော်နှစ် ၂၄၀၀ ပြည့် တည်သည့်အထိမ်းအမှတ်အဖြစ် မင်္ဂလာယူ၍ တစ်ပြ လျှင် (တာ ၅၀)၊ အရှေ့အနောက် ၁၂ ပြ (တာ ၆၀၀)၊ တောင်မြောက် ၁၂ ပြ (တာ ၆၀၀)၊ ပြကွက်ပေါင်း ၁၄၄ ကွက် ဖော်ထားပြီး မြို့တော်၏ အလယ်တည့်တည့် ၁၆ ပြကိုယူ၍ နန်းတော်ကို တည်ဆောက်ခြင်းဖြစ် ၏။ မန္တလေးမြို့ကွက်များမှာ စတုရန်းကျကျ လှပစွာ တည်ရှိနေသော မြို့တော်ကြီးဖြစ်၏။ ၁၆ ပြ နုတ်၍ ကျန် ၁၂၈ ကွက်ပြတို့မှာ ဘုရင်က ပေးသနားသော ရပ်ကွက်များဖြစ်၏။ ထိုရပ်ကွက်ဝင်းများ၌ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သူဌေးသူကြွယ်၊ အမှုထမ်းများ နေထိုင်ကြ၏။ မြို့ရိုးအတွင်းပတ်လည် ပြဝက်တိုင်းမှာလည်း စပါးကျီတော်များအပြည့်ထား၍ စပါးဆန်ရေ ရှားပါးသောအခါ၌ ကျီတော်များမှထုတ်၍ မင်းမှုမင်းထမ်း တို့ကို ဝေငှပေး၏။

၁၂၂၄ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်နေ့၌ ရတနာပုံ မြို့တော် လေးပြင်လေးရပ်အတွင်းရှိ လမ်းအိမ်၊ ဝင်းအိမ် များကို မှူးတော်၊ မတ်တော်၊ မြို့စား၊ ရွာစားမှစ၍ ပြည်သူဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့ တစ်ဦး တစ်ယောက်မျှ အလစ်အဟင်း မရှိစေရ၊ နေရာဝေပေးချ ခြင်းကိစ္စ အမိန့်တော်တိုင်း ဆောင်ရွက်ပြီးစီး၏။ ထိုမှ အပိုင်း အခြား အရပ်၊ ဦးရေ၊ အမည်နာမ သမုတ်၏။ စုစုပေါင်း (၅၄) ဌာနဖြစ်၏။

လေးပြင်လေးရပ် သတ်မှတ်ရာ၌ နန်းတော်ဘက်ကျ သောအပိုင်းကို အနောက်ပြင်၊ မြောက်ဘက်ကျသော အပိုင်းကို မြောက်ပြင်ဟူ၍ သတ်မှတ်စေ၏။ မြို့ရိုးထောင့် မှာ အဓိက ပိုင်းခြားမှု မျဉ်းကြောင်းဖြစ်၏။ အရှေ့ဘက် မြို့ရိုးအတိုင်း တောင်မြောက် မျဉ်းဖြောင့်ဆွဲလျှင် မျဉ်း အရှေ့ဘက်ကို အရှေ့ပြင်၊ မျဉ်းအနောက်ဘက်ကို တောင်ပြင်သတ်မှတ်၏။ အနောက်မြို့ရိုးအတိုင်း တောင် မြောက်မျဉ်းဖြောင့်ဆွဲလျှင် မျဉ်းအနောက်ဘက်ကို အနောက်ပြင်၊ အရှေ့ဘက်ကို တောင်ပြင် သတ်မှတ် သည်။

မြောက်ဘက်တွင်ကား အနောက်ဘက်မြို့ရိုးအလိုက် မဟုတ်ဘဲ မြောက်ဘက်မြို့ရိုးအတိုင်း အရှေ့ဘက် လေးပြတိတိ တက်ပြီးမှ မြောက်တည့်တည့် မျဉ်းဖြောင့် ဆွဲယူလိုက်သည်။ သို့ဖြစ်၍ မြောက်ဘက်နယ်၌ ကျ ရောက် သော အမရစံခေါင်နှင့် အမရဌာနီကွက်နှစ်ကွက်မှာ အနောက်ပြင်ဘက် ပေါင်းသွားရ၏။ မြောက်ပြင်သက် သက်မှာမူ မန္တလေးတောင် အနောက်ဘက်ကွက်ကွက်မျှ သာ ကျန်တော့၏။ အရှေ့ပြင်မှာလည်း ရတနာနဒီ နှင့် အရှေ့ပြင်ကျုံးထိပ်တန်းကြားတောင် သီရိမနောရမ္မ ဥယျာဉ်တော်ကွက်အထိရှိသော ကျဉ်းကျဉ်းမြောင်း မြောင်းကလေးသာ ဖြစ်သည်။ တောင်ပြင်မှာကား တောင်ပြင်ကျုံးထိပ်တန်းမှ တောင်ကို ဘုရားကြီးအတွင်း ပြု၍ တောင်မြေမြို့ရိုးကြီးအထိ ကျယ်ပြန့်လေသည်။ အကျယ်ပြန့်ဆုံးမှာ အနောက်ပြင်ဖြစ်၍ မြောက်မြေ မြို့ရိုးမှ တောင်မြေမြို့ရိုး၊ အနောက်ဧရာဝတီမြစ်ကမ်း အလိုက်ဖြစ်၍ ရပ်ကွက်ကြီး ၂၉ ကွက်မျှ ပါဝင်ရာ လေးပြင် လေးရပ်တွင် အကျယ်ပြန့်ဆုံးဖြစ်သည်။

မန္တလေးမြို့ ရပ်ကွက်အမည်များကို မန္တလေးမြို့သည် ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု ထွန်းကားသည့် မြို့တော်ဖြစ်မည့် အတိတ်နိမိတ်အတိုင်း မြန်မာဆန်သော ထီးဟန်၊ နန်းဟန် အဓိပ္ပာယ်ပြည့်ဝသော အမည်များဖြင့် မှည့်ခေါ်သတ်မှတ်စေခဲ့၏။ အချို့ရပ်ကွက်များသည် ရတနာသိယ်ပြည်ရွှေဘို၊ အင်းဝ၊ အမရပူရ မြို့တော်များ မှ မြစ်ဖျားခံခဲ့ပြီး အချို့လည်း ရာဇဝင်သမိုင်းဆိုင်ရာ အမည်များ ဖြစ်၏။ အချို့လည်းဒေသအလိုက် နေရာ အခေါ်အဝေါ်များပေးခဲ့ကြ၏။ မင်းတုန်းမင်းလက်ထက် ခွဲခြားသတ်မှတ်ခဲ့သော ရပ်ကွက်အမည်များမှာ . . .

**အရှေ့ပြင်**

(၁) ကျွန်းလုံးမော်၊ (၂)ဝိဇယမဟီ၊ (၃)ဇေယျမင်္ဂလာ၊ (၄)ဘူမိဇေယျာ၊ (၅)မဟာဇေယျဘုံ၊ (၆)ပြည်ကြီးမျက်မှန်၊ (၇)ပြည်ကြီးမျက်ရှင်။

**တောင်ပြင်**

(၈) ပတ်ကုန်းပျော်ဘွယ်၊ (၉) ဇမ္ဗူမျက်ရှင်၊(၁၀) ပတ်ကုန်းဝန်းကျင်၊ (၁၁) ရန်မျိုးလုံ၊ (၁၂) မဟာနွယ်သူ၊ (၁၃) သကျနွယ်စဉ်၊ (၁၄) မောရဂီဝ၊ (၁၅) စိတ္တရမဟီ၊ (၁၆)ဟေမာဇလ၊ (၁၇) ကဥ္စဏမဟီ၊ (၁၈) ဟေမမာလာ၊ (၁၉) ချမ်းမြသာစည်၊ (၂၀) အောင်ချမ်းသာ။

**အနောက်ပြင်**

(၂၁) အမရစံခေါင်၊ (၂၂) အမရဌာနီ၊ (၂၃) ပြည်လုံးချမ်းသာ၊ (၂၄) မေဃဂီရိ၊ (၂၅) ပုလဲငွေရောင်၊ (၂၆) ပြည်ကြီးကျက်သရေ၊ (၂၇) အောင်မြေရန်လုံ၊ (၂၈) ဇမ္ဗူကြင့်နှန်း၊ (၂၉) ချမ်းအေးသာစံ၊ (၃၀) တုလွတ်ရန်အောင်၊ (၃၁) ဘေးမဲ့လွတ်ရှောင်၊ (၃၂) အောင်နန်းရိပ်သာ၊ (၃၃) ရတနာဘုမ္မိ၊ (၃၄) မဟာအောင်မြေ၊ (၃၅) ကျွန်းလုံးကြေညာ၊ (၃၆) ရွှေဘုန်းရှိန်၊ (၃၇) ကျွန်းလုံးဦးသျှောင်၊ (၃၈) တမ္ဗဝတီ၊ (၃၉) သန်လျက်မော်၊ (၄၀) စိန်ပန်း၊ (၄၁) ဒေးဝန်း၊ (၄၂) ပြည်ကြီးပျော်ဘွယ်၊ (၄၃) သီရိဟေမာ၊ (၄၄) သီရိမာလာ၊ (၄၅) အောင်မြေသာစံ၊ (၄၆) ပြည်ကြီးရန်လုံ၊ (၄၇) မင်းတဲအီကင်း၊ (၄၈) ဘုန်းတော်ရောင်၊ (၄၉) ညောင်ကွဲ။

**မြောက်ပြင်**

(၅၀) မြကျွန်းတန်ဆောင်၊ (၅၁) မြနန်းအောင်မြေ၊ (၅၂) မြနန်းစံရာ၊ (၅၃) မြနန်းဘုံသာ၊ (၅၄) မြကျွန်းမြေငူ တို့ဖြစ်၏။

ရပ်ကွက်ပေါင်း ၅၄ ရပ်ကွက် သတ်မှတ်ခဲ့သော်လည်း အရှေ့ပြင်မှ ကျွန်းလုံးမော်၊ ဝိဇယမဟီ၊ ဇေယျ မင်္ဂလာ၊ ဘူမိဇေယျာရပ်ကွက်များ၊ တောင်ပြင်မှ အောင်ချမ်းသာ၊ အနောက်ပြင်မှ အောင်မြေရန်လုံ၊ ဇမ္ဗူကြင့်နှန်း၊ တုလွတ်ရန်အောင်၊ ဘေးမဲ့လွတ်ရှောင်၊ ကျွန်းလုံးကြေညာ၊ ဘုန်းတော်ရောင်ရပ်ကွက်များ၊ မြောက်ပြင်မှ မြနန်းတန်ဆောင်၊ မြနန်းအောင်မြေ၊ မြနန်းစံရာ၊ မြနန်းဘုံသာ၊ မြကျွန်းမြေငူစသော ရပ်ကွက်များ ပျောက်ကွယ်သွားခဲ့၏။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) 6.6/0.4 KV, 750 KVA Transformer (၁)လုံး ပိတ်ရက် ၃-၉-၂၀၁၅

(ခ) ပရီမီယံဒီဇယ်ဆီ (၁၀၀၀၀၀)ဂါလန် ပိတ်ရက် ၃၁-၈-၂၀၁၅

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ယှဉ်တွဲဖော်ပြပါနေ့ရက်များ၏ ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေး ဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

ဝယ်/လှူရန် (20% OFF)

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)
01-394727, 01-399426 09-73009994-

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။


## အစည်းအဝေးဖိတ်ကြားခြင်း

မြတ်စွာဘုရားသာသနာတော်၏ ရှည်ကြာလေးမြင့်တည်တံ့ရေးမှာ ပရိယတ္တိသာဖြစ်၏။ အသိမှန်မှ အကျင့်မှန်မည်ဖြစ်၏။ အကျင့်မှန်မှ ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာထဲတွင် ပရိယတ္တိယေဝ သာသနဿ မူလံ (ပရိယတ္တိသည်သာ သာသနာတော်၏မူလ)ဟု ဆိုကြ၏။

ထိုပရိယတ္တိသည် ယခုအခါ မြန်မာနိုင်ငံ၌သာ ထွန်းကားလျက်ရှိ၏။ ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ ပျံ့နှံ့ဖို့လိုအပ်၏။ ကမ္ဘာပေါ်၌ မြန်မာပရိယတ္တိနည်းစနစ်လောက် ပြည့်စုံသော နည်းစနစ်မရှိသေးချေ။ ထိုနည်းစနစ်ကို ကမ္ဘာသို့ ဖြန့်ဝေဖို့ရန် ရည်ရွယ်၍ မဟာဝိဟာရ အကယ်ဒမီကျောင်းတော်ကြီးကို မဟာဝိဟာရဆရာတော်နှင့် တပည့်ဒကာ၊ ဒကာမများက ကြိုးပမ်းလျက်ရှိ၏

မဟာဝိဟာရ အကယ်ဒမီကျောင်းတော်ကြီး၏ အဓိကရည်ရွယ်ချက်မှာ ဝိနည်းတော်နှင့်အညီ မြတ်ဗုဒ္ဓ၏ဒေသနာတော်များကို ကမ္ဘာသို့ပြန့်ပွားရန်ဖြစ်သည်။

သို့ဖြစ်ပါ၍ မဟာဝိဟာရဓမ္မဝိနယ အကယ်ဒမီကျောင်းတော်ကြီး ပေါ်ပေါက်လာရေးအတွက် မဟာဝိဟာရဓမ္မဝိနယဖောင်ဒေးရှင်းတစ်ခု ဖွဲ့စည်းနိုင်ရေးအတွက် မဟာဝိဟာရကျောင်းတိုက်၏ အကျိုးကိုလိုလားထောက်ပံ့ပေးနေကြသော ဒကာ၊ ဒကာမများအားလုံး အစည်းအဝေးသို့ ကြွရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ မဟာဝိဟာရဆရာတော်၏ ဩဝါဒညွှန်ကြားချက်အရ မပျက်မကွက် တက်ရောက်ကြပါရန်။

နေ့ရက်။ ။ ၃၀-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)

အချိန်။ ။ မွန်းလွဲ ၁း၀၀နာရီ

နေရာ။ ။ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

# ကလေးဒေသအတွက် စက်ယန္တရားများနှင့် ကယ်ဆယ်ရေး ပစ္စည်းများပို့ဆောင်



**မုံရွာ ဩဂုတ် ၂၇**

ရေဘေးသင့်ကလေးဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတကာမှ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် လုပ်ဆောင်နိုင်ရန်အတွက်ဝိုင်းဝန်းထောက်ပံ့ပေးသော ယာဉ်စက်ယန္တရားများ၊ ကယ်ဆယ်ရေးပစ္စည်းများကို မုံရွာမြို့ မင်းဒေါင့်ဆိပ်ကမ်းမှ ရေယာဉ်ကြီးများဖြင့် ကလေးဒေသသို့ တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

ကလေးဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ ကလေးဒေသအတွက် ၂၀ ပေ × ၆ ပေ အသက်ကယ်လှေလေးစီး၊ တမူးမြို့နယ်အတွက် ၁၇ ပေ × ၆ ပေ တစ်စီး၊ ဒေဝင်အုပ်စုကုမ္ပဏီနှင့် မြန်မာရှေ့ဆောင်ဘဏ်တို့မှ ခုနစ်တန် ဘက်ဟိုးနှစ်စီး၊ ထွန်စက် ၁၀ စီးနှင့် အလှူရှင်များမှ လှူဒါန်းသည့် စက်သုံးဆီများ၊ အိမ်ဆောက်ပစ္စည်းများ၊ ပညာရေးဝန်ကြီးဌာနမှ ရေဘေးသင့်ကျောင်းများအတွက် စာရေးခုံများနှင့် ထိုင်ခုံများ၊ အထပ်သားများ၊ ပြည်တွင်းအလှူရှင်များ၊ တရုတ်နိုင်ငံ တက်ဟုန်းပြည်နယ်ခွဲအစိုးရတို့မှ ပေးပို့လှူဒါန်းသော စားသောက်ကုန်များနှင့် လူသုံးကုန်များကို တင်ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေဘေးသင့် ဒေသများသို့ပို့ဆောင်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ဩဂုတ် ၂၄ ရက်က တင်ဆောင်ပေးပြီး မုံရွာမြို့မှကလေးဝမြို့သို့ ရေယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ကလေးဒေသသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ယာဉ်မောင်းနှင့် နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ပျဉ်းမနား ဩဂုတ် ၂၇**

နေပြည်တော်အခြေဆိုက်၍ ပြေးဆွဲလျက်ရှိသော ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ (တော်ဝင်) ယာဉ်အသင်းမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုနားလည်သဘောပေါက်စေရန် အသိပညာပေးဟောပြောပွဲချခြင်းကို ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီက ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးကားဝင်းရှိ တော်ဝင်ပို့ဆောင်ရေးအုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာဦးကိုကိုကြီးက အဖွင့်အမှာစကားပြောကြား၍ ယာဉ်ထိန်းရဲတပ်ဖွဲ့အမှတ် (၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိ) မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်မိုးက ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ဆေးရေးလမ်းညွှန်အမှတ်အသားများ၊ ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိမှု၊ သေဆုံးမှုများကို ဟောပြောခဲ့ပြီး အခမ်းအနားသို့ ဗန္ဓုလသယ်ယူပို့ဆောင်ရေးအထွေထွေမန်နေဂျာ၊ အုပ်ချုပ်ရေးမှူး၊ ပို့ဆောင်ရေးအရာရှိ နှင့် တော်ဝင်ယာဉ်အသင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၅၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်**

## သတင်းတိုများ

### မြစိမ်းရောင်လုပ်ငန်း ၂၅၃ ခု လုပ်ကိုင်

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်လုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်း ၁၇၃ ဦး၊ စိုက်ပျိုးရေးလုပ်ငန်း ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း ၁၆ ဦးနှင့် မီးလင်းရေးလုပ်ငန်း ၄၂ ဦး စုစုပေါင်း လုပ်ငန်း ၂၅၃ ခုအား လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ရွှေရဲရင့်**

### အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

အသက် ၅ နှစ်အောက်ကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အသက် ၅ နှစ်အောက်ကလေးများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ဗီတာမင်အေဆေးလုံးတိုက်ကျွေးခဲ့ကြပြီး အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ NGO အဖွဲ့စည်းများ တက်ရောက်ခဲ့ကြသည်။ **(၆၂၄)**

### အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ၂၀၁၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မြို့လယ်မမွာရုံ၌ကျင်းပခဲ့သည်။သူနာပြု ဆရာမ ဒေါ်ညွန့်ညွန့်ဝေက မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းဆားချို့တဲ့ရောဂါများပပျောက်ရေးကို ပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အသက်ငါးနှစ်အောက်ကလေးငယ် ၈၀ အား ဗီတာမင်အေနှင့် သံချဆေးများ တိုက်ကျွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## အမျိုးသမီးများကိုစက်ချုပ်သင်တန်းအခမဲ့သင်ကြား



**မြစ်ကြီးနား ဩဂုတ် ၂၇**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် UNHCR တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်၊ အဆင့်မြင့်စက်ချုပ်နှင့် အထူးစက်ချုပ်သင်တန်းကို နေရပ်စွန့်ခွာအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ဇီးအွန်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းအား သက်မွေးလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမှုကြီးကြပ်ကာ နည်းပြဆရာမ ဒေါ်ထုဆန်နှင့် နည်းပြများက တာဝန်ယူကာ အခြေခံစက်ချုပ်လက်ချုပ်မှ ပုံဆန်းအမျိုးမျိုးချုပ်လုပ်နည်းများအထိ သုံးလအကြာ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကာ သင်တန်းသူ ၂၅ ဦးတက်ရောက်သင်ကြားပြီး တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ချုပ်လုပ်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးဃံကျ(မြစ်ကြီးနား)**

## ခြင်ကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးမြို့တော်အတွင်း ခြင်ကြောင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ လျော့နည်းပပျောက်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံချက်အရ ခြင်ခိုအောင်းနိုင်သော ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ မြို့နယ်၊ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည် ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက်အတွင်းရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ လူနေအိမ်များ၊ ရပ်ကွက်အတွင်းရှိ ခြင်ခိုအောင်းနိုင်သောနေရာများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းများ ပူးပေါင်း၍ ရပ်ကွက်အလိုက် ဆောင်ရွက်ကြသည်။

“ကျွန်တော်တို့က ခြင်ခိုအောင်းနိုင်သောနေရာတွေမှာ ခြင်ဆေးလိုက်ဖျန်းမှာပါ။ မြို့နယ်အတွင်းက (က) ရပ်ကွက်၊ (ခ)ရပ်ကွက်တွေ ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီကနေ့ကတော့ (ဃ) ရပ်ကွက်မှာ လိုက်ဖြန်းနေတာပါ။

နောက်နေ့တွေမှာလည်း (၆) မြို့နယ်အတွင်းရှိ တခြားရပ်ကွက်တွေ လိုက်လံဆောင်ရွက်မှာဖြစ်ပါတယ်” ဟု ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သီဟကိုကို(မန္တလေး)**

## ပွင့်ဖြူမြို့တွင် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝမြင့်မားလာစေရန် ရည်ရွယ်၍ စီမံချက်ရေးဆွဲခြင်း မိတ်ဆက်ရှင်းလင်း

**ပွင့်ဖြူ ဩဂုတ် ၂၇**

ကျေးလက်နေပြည်သူများဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူနေမှုဘဝမြင့်မားလာစေရန် ရည်ရွယ်၍ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် LIFT FUND တို့ ပူးပေါင်းဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း မိတ်ဆက်အခမ်းအနားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဦးစီးအရာရှိ ဦးကျော်ကျော်က စီမံချက်ရေးဆွဲသွားမည့် ကျေးရွာများ၏ အချက်အလက်များအား ရှင်းလင်းပြောကြားရာတွင် တစ်နိုင်ငံလုံး ကျေးရွာပေါင်း ၁၇၀ ကို စမ်းသပ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အား ဝန်ထမ်းများမှ ကျေးရွာအရောက် အချက်အလက်များအား ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။

ပွင့်ဖြူမြို့နယ်အနေဖြင့် မုန်းဇလဲ၊ ဇီးတော၊ ဖလံကျင်း၊ ကံသာကြီး၊ လယ်လှကုန်းကျေးရွာ စုစုပေါင်း ကျေးရွာငါးရွာကို ဩဂုတ်လမှ စက်တင်ဘာလအတွင်း စာရင်းကောက်ယူသွားမည်ဖြစ်ပြီး စာရင်းကောက်ယူရာတွင် ထုတ်လုပ်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အသိပညာဖွံ့ဖြိုးစေမည့် သင်တန်းများကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လူငယ်များ၏ကဏ္ဍများဖြင့် ထည့်သွင်းရေးဆွဲ သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရင်းကောက်ယူမည့် ကျေးရွာငါးရွာမှ အုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ပျက်စီးသွားသော လယ်ယာမြေများထွန်ယက်ပေးရန် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ အသင့်ဖြစ်နေ

**ကျောင်းကုန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၅၀ စုစုပေါင်း ၅၂ အုပ်စုသို့ ရေဝင်နစ်မြုပ်ခဲ့ရာ အဆိုပါနစ်မြုပ်ခဲ့သည့် ဧကမှာ ၂၄၉၁၇ ဧကရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်နစ်မြုပ်ခဲ့သော လယ်ဧကများအား ထွန်စက်ကြီး၊ လက်တွန်းထွန်စက်နှင့် ရေစုပ်စက်များပြင်ဆင်ပေးရန် စက်ပြင်ဆရာများ ရောက်ရှိနေပြီး အခမဲ့ကွင်းဆင်းပြင်ဆင်ပေးမည်ဖြစ်သည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ စက်ပြင်ဆရာငါးဦး ဝက်ခြံဂရက်ကျေးရွာရှိ ပျက်စီးသွားသောစက်များ ပြင်ဆင်ရန်ရောက်ရှိနေပြီး ပျက်စီးသွားသော လယ်ယာမြေများအား ထွန်ယက်ပေးရန် လယ်ထွန်စက်ငါးစီးလည်း ရောက်ရှိနေပြီဖြစ်ရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးနေမိုးကြည်နှင့်ဝန်ထမ်းများ အသင့်ပြင်ဆင်ထားကြောင်း၊ ကူဘိုတာငါးစီးဖြင့် မောင်းနှင်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ထွန်ယက်ပေးခြင်း၊ ပြင်ဆင်ပေးခြင်းကို အခမဲ့ လုပ်ဆောင်ပေးမှာဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကိုလေးမောင်သည်-

"ပေးစမ်း"ဟုဆိုကာ သက်ခိုင်၏လက်မှ ဆေးပေါ့လိပ်တိုကို လှမ်းယူသည်။ ဆေးပေါ့လိပ်တို မီးသေနေကြောင်း တွေ့သောအခါ မီးခြစ်ခြစ်၍ ပြန်ညှိကာ အေးချမ်းစွာ ဆေးလိပ်ဖွာနေသတည်း။

သက်ခိုင်ကမေးသည်။

"ကိုလေးဗေဒင်က တကယ်မှန်မလား"

"ကိုသက်ခိုင်ကလည်း ဗေဒင်ဆိုတာ ဘုရားဟောမှ မဟုတ်ဘဲတထစ်ချမှန်မယ်လို့ဘယ်ပြောနိုင်မလဲ၊ ဒါပေမဲ့မှန်သင့်သလောက်တော့မှန်တယ်၊ အထူးသဖြင့်ကိုလေးဟောရင်လွဲခဲတယ်"

သက်ခိုင်ကဗေဒင်မယုံသော်လည်း ယခုကိုလေးမောင်၏ ဤဟောပြောချက်သည်မှန်ပါစေဟု ဆုတောင်းမိ၏။

ကိုစောလွင်ကဝင်ဖြေသည်။

"ကိုလေးပြောတဲ့ဂြိုဟ်တွေ ဗျူဂွစရိယ ကျင့်သလား မကျင့်သလားမသိဘူး၊ နိုင်ငံရေးသမားတွေကတော့ ဗျူဂွစရိယရော. . . သီဟစရိယရော. . နိယတံရော အကုန်ကျင့်နေကြပြီ၊ တိုင်းပြည်ကြီးတော့ ချောက်ချားရုံတင်မကဘူး၊ မှောက်မှားသွားနိုင်တယ်၊ဒီနေ့သတင်းစာ ကြည့်လေ"

"အေးပါ. . ကိုလေးဖတ်ပြီးပါပြီ၊ သူတို့တိုင်းပြည်ကို မချစ်လို့ လုပ်ချင်တာလုပ်ကြလေ၊ ကိုလေးပြောပါကောလား၊ မြန်မာပြည်ကြီး မပျက်နိုင်ပါဘူးလို့၊ တိုင်းပြည်ကို ချစ်တဲ့သူကလည်း အများကြီးရှိသေးတယ်၊ ကဲ. . လာဟေ့ လေးနာရီခွဲနေပြီ၊ သိုင်းသွားပြကြမယ်"

ဂျပန်တိုင်းဂျူဂျစ်ဆူတတ်သကဲ့သို့ မြန်မာတိုင်း သိုင်းတတ်ရမည်ဟူသော ကြွေးကြော်ချက်နှင့် ကိုလေးမောင်နှင့် ကိုစောလွင်တို့က ကျောင်းသားများကို ဆရာကြီး သထုံဆရာပွား၏ မူအတိုင်း သိုင်းသင်ပေးနေကြ၏။

ထိုစဉ်က ပြည်ကျောင်းဆောင်နှင့် မျက်နှာချင်းဆိုင်ရှိ တကောင်းကျောင်းဆောင်ကြီးမှာ မဖွင့်သေး။ တကောင်းကျောင်းဆောင် အောက်ထပ်ရှိ ထမင်းစားခန်းမကြီးမှာ အားလပ်နေ၏။ မိုးရွာသောအခါတွင် ထိုခန်းမကြီးထဲ၌ ကျောင်းသားများကို ကိုလေးမောင်နှင့်ကိုစောလွင်တို့က သိုင်းသင်ပေး၏။

ကိုလေးမောင်နှင့် ကိုစောလွင်တို့က စပို့ရှပ်နှင့် ရှမ်းဘောင်းဘီများ ဝတ်ဆင်ကြပြီး ကြိမ်တုတ်စည်းနှင့် သစ်သားဓားရှည်စည်းများကို ထမ်း၍ အခန်းမှ ထွက်ရန် ပြင်ကြ၏။

ကိုလေးမောင်က မေးသည်။

"ကိုသက်ခိုင်လည်း လာမယ် မဟုတ်လား။ သွား. . . မြန်မြန်အဝတ်အစား လဲချေ"

"ကျွန်တော် ဒီနေ့တော့ သိုင်းမရိုက်တော့ဘူး ကိုလေး"

"ဘာပြုလို့. . ."

"ဘာရယ် မဟုတ်ပါဘူး၊ စိတ်မပါလို့ပါ"

ကိုလေးမောင်က သက်ခိုင်ကို စူးစိုက်ကြည့်သည်။

"စိတ်မပါရုံဘဲလား၊ စိတ်ကယောက်ကယက်ဖြစ်ခဲ့တာတော့ မဟုတ်ဘူးနော်"

"ဟာ ကိုလေးကလည်း . . . တောက်တီးတောက်တဲ့"

"မသိဘူးလေ၊ လူလေးက ငယ်တော့ စိတ်က များတတ်လို့ သတိပေးရတာ"


အခန်းအပြင်၌လည်း ကိုလေးမောင်တို့နည်းတူ ဝတ်ဆင်ထားသော အသားညိုညို၊ နှုတ်ခမ်းထူထူ၊ မေးရိုး ကြီးကြီး၊ ဗလကောင်းကောင်း၊ ဂင်တိုတိုနှင့် ဂျိုးလူဝီနှင့် ဆင်ဆင်တူသော ကျောင်းသာတစ်ဦးက စောင့်နေ၏။

ထိုကျောင်းသားက မေးသည်။

"ဘယ်သူလဲ. . . စိတ်များနေတာ"

"ကိုသက်ခိုင်ပေါ့ ကိုလှဖေရဲ့. . . သူ ဒီနေ့ သိုင်းမရိုက်ချင်ဘူးတဲ့"

ကိုလှဖေက ပြုံးရယ်ပြီး သူ့လက်သီးကြီးတစ်ဖက်ကို သက်ခိုင်၏ မေးနား တေ့ထားလိုက်ပြီး ဆို၏။




> **အခန်းတွင်းသို့ ပြန်ရောက်လျှင်ရောက်ချင်း သက်ခိုင်သည် အဝတ်အစားမလဲသေးဘဲ ခုတင်ပေါ်တွင်ပက်လက်လှန်လှဲကာ နဖူးပေါ် လက်တင်လျက်စဉ်းစားခန်းဝင်သည်။ စဉ်းစားခန်းဝင်သည်ဆိုရသော်လည်း အတွေးတို့က မည်မည်ရရ မရှိ။ အာရုံသည် ဟိုရောက်သည်ရောက်ဖြစ်နေ၏။ နောက်ဆုံးတွင်မူဝါဝင်းသောမျက်နှာသွယ်သွယ်လေးသည်သာ မျက်လုံးတွင်းမှ မပျောက်ဘဲ ထင်နေ၏ . . .**

"စိတ်များလို့ မေ့ချင်ရင် မေ့တတ်တဲ့ဆေးရှိတယ်၊ အလကားပေးမယ်။ အားမနာနဲ့ သူငယ်ချင်း. . . ဟဲ ဟဲ ဟဲ. ."

သက်ခိုင်က ကိုလှဖေ၏ ဗိုက်ကို မနာအောင် ထိုးခဲ့ပြီး မိမိအခန်းသို့ ပြန်လာခဲ့၏။

သက်ခိုင်နှင့် ယုမောင်တို့နေသော အခန်းသည် ပြည်ကျောင်းဆောင်အရှေ့စွယ်၊ အပေါ်ထပ်၊ မြောက်ဘက်တန်း၌ ရှိသည်။

အခန်းတွင်းသို့ ပြန်ရောက်လျှင် ရောက်ချင်း သက်ခိုင်သည် အဝတ်အစား မလဲသေးဘဲ ခုတင်ပေါ်တွင် ပက်လက်လှန်လှဲကာ နဖူးပေါ်လက်တင်လျက် စဉ်းစားခန်းဝင်သည်။

စဉ်းစားခန်းဝင်သည် ဆိုရသော်လည်း အတွေးတို့က မည်မည်ရရ မရှိ။ အာရုံသည် ဟိုရောက် သည်ရောက် ဖြစ်နေ၏။ နောက်ဆုံးတွင်မူ ဝါဝင်းသော မျက်နှာသွယ်သွယ်လေးသည်သာ မျက်လုံးတွင်းမှ မပျောက်ဘဲ ထင်နေ၏။

ဤမျက်နှာလေးသည် ဘာကြောင့် သူ့အာရုံမှ မပျောက်ရသနည်း။ ဤမျက်နှာလေးသည် တစ်စုံတစ်ရာသော စကားကိုလည်း ဆိုနေသည်။ ဘာစကား ဆိုနေပါသနည်း။ သူ့နှလုံးသားကလည်း တစ်စုံတစ်ရာကို သိနေ၏။

အတွေးကောင်းနေသောကြောင့် အခန်းတွင်းသို့ ကျောင်းသားသုံးဦးခြေသံဖော့ ဝင်လာသည်ကို သက်ခိုင် သတိမထားမိ။ သူ့မျက်လုံးများကို ပိတ်ထားမိသောကြောင့်လည်း ဖြစ်သည်။

ကျောင်းသားသုံးဦးအနက် တစ်ဦးမှာ ယုမောင်ပင် ဖြစ်သည်။ အခြားတစ်ဦးကား ထောင်ထောင်မောင်းမောင်းနှင့် အင်္ဂလိပ်ကပြားရုပ် ပေါက်၏။ ကျန်တစ်ဦးကား မျက်စိမှေးမှေး၊ အသားဖြူဖြူနှင့် တရုတ်ကပြား အစစ်ဖြစ်၏။

သူတို့သုံးဦးသည် အသက်များ မရှူကြဘဲ အလွန်စိုးရိမ်သော မျက်နှာပေးများနှင့် သက်ခိုင်ကို လူနာ ကြည့်သကဲ့သို့ ကြည့်၏။

တရုတ်ကပြားက အင်္ဂလိပ်ကပြားနှင့် တူသူကို ကြည့်ပြီး တိုးတိုးပြောသည်။

"အသက်တော့ ရှူနေသေးတယ်ကွ တင်မောင်စိုး"

"အေးကွ. . . မောင်ရှိန်၊ ဒီရောဂါမျိုးက ချက်ချင်းတော့ မသေတတ်ဘူး၊ မေ့များနေသလား မသိဘူး"

"ကဲ. . . လာဒါဖြင့် တို့ဆေးကုကြရအောင်"

အခန်းတွင်း၌ သက်ခိုင်၏ တယောနှင့် ယုမောင်၏ မယ်ဒလင်ရှိသည်။

ယုမောင်က သူ့မယ်ဒလင် သူ ကိုင်သည်။ မောင်ရှိန်က တယောကို ယူ၏။ တင်မောင်စိုး၏ လက်ထဲတွင်မူ စည်းတစ်လက်က အဆင်သင့်ရှိနေ၏။

သက်ခိုင်သည် မျက်စိပွင့်လင်းသွားပြီး သူတို့ကို မြင်၏။

"ဟေ့ကောင်တွေ ဒါ ဘာလုပ်ကြတာလဲ"

မောင်ရှိန်က ကျဉ်းသော သူ့မျက်စိတစ်ဖက်ကို မှေးမှိတ်ပြီး ခေါင်းကလေး ယို့ကာ ယို့ကာနှင့် လေသံလေးနှင့် ဆို၏။

"အသာနေ . . အသာနေ ရုတ်တရက် မထလိုက်နဲ့၊ ဒီရောဂါမျိုးက မှိန်းနေရင် ပိုသက်သာတယ်။ ကဲ ဟေ့ စကြရအောင်"

သက်ခိုင်သည် သူတို့ကို ရယ်ချင်လာသည်။ ဘာလုပ်ကြမည်ကိုလည်း စိတ်ဝင်စားလာ၏။ ထို့ကြောင့် အိပ်လျက်ပင် ငြိမ်ငြိမ်နေ၏။

မောင်ရှိန်နှင့် ယုမောင်တိုက ဘောလယ်တစ်ပုဒ်ကို တီးသည်။ တင်မောင်စိုးက စည်းတချွင်ချွင်နှင့် သီချင်း ဆိုပေး၏။

"ပိတုန်းကေသျှောင်၊ ရွှေမျက်တောင်ကော့ရယ်နဲ့၊ ဖေမက်အောင် ချော့တတ်ပါတဲ့၊ တော်တော့. . . ထိုက်ဝင် . . .၊ ရှုရသူ. . . သဘောမကြည်ရွှင်စေဖို့၊ ဟောဒီခင်အသွေး. . .၊ ရောဟဏီသွင်မဝေးပါဘူး။ အေးတဲ့မျက်နှာ၊ သွေ့မရှိ ဗွေညွန့်ကမ္ဘလာ၊ ဂဟေကွန့်ရမှာဖြင့် သေဝံ့ပါရဲ့ နှစ်ခါ၊ မေအညွန့် အသားဝါ သတိုးကိုလေး . . . တိုးကြံလျက်ပါ"

သီချင်းမဆုံးမီ နောက်ကျောင်းသားတစ်ဦး ထပ်ပေါ်လာသည်။ သူ့အသားကဖြူကာ အရပ်ကရှည်ရှည် ကိုင်းကိုင်း ဖြစ်သည်။ မျက်နှာက မိန်းမချောချော၏။ သူ့ဆံပင်နှင့် အဝတ်တို့ကား မိုးရေတို့နှင့် စိုရွှဲနေ၏။

သီချင်းဆုံးမှ သူက မေး၏။

"ဟာ. . . ဒါ ဘာလုပ်နေကြတာလဲ၊ တစ်ယောက်က လည်း စက်တော်ခေါ်လို့၊ တစ်သိုက်ကလည်း အတီး အမှုတ်အဆိုနဲ့၊ ဘာလဲ. . . မင်းတို့မင်းလောင်းနှိုးတမ်း ကစားနေကြတာလား"

မောင်ရှိန်က ဖြေသည်။

"မင်းလောင်းနှိုးတမ်း ကစားနေတာ မဟုတ်ဘူး အေးဝင်းရ၊ မင်းကောင် သက်ခိုင် မေ့နေလို့ အသက်ပြန်သွင်းပေးနေတာ"

"ဘာ . . . သက်ခိုင် မေ့နေလို့"

တင်မောင်စိုးက ထပ်ဆင့်ရှင်းပြသည်။

"အေးကွ. . . သက်ခိုင်ရယ်၊ မျက်တောင်ကော့ကော့၊ အသားဝါဝါနဲ့ မိန်းကလေးတစ်ယောက်ကို မြင်လာခဲ့ပြီး သတိလစ်နေလို့ သတိပြန်လည်လာအောင် ဘောလယ်နဲ့ ကုနေရတာ"

သက်ခိုင်သည် အိပ်ရာမှ ခုန်ထ၏။

"ဟေ့ကောင် ခွေးကောင်. . . ယုမောင် မင်းသစ္စာဖောက်တယ်"

"အလို. . . မဖောက်ရပေါင်ဗျာ၊ မှန်သောစကားကိုသာ ဆိုမိတာပါ၊ ယုနဲ့ ဘဝဆက်တိုင်း ပေါင်းရစေနဲ့"

အေးဝင်းက ဝမ်းသာအားရစွာနှင့် သက်ခိုင်နား ကပ်လာပြီးပခုံးကို ပုတ်၍ ပွဲတောင်း၏။

"ဟ. . . မင်္ဂလာသတင်းပါလား၊ လုပ်စမ်းပါဦး သက်ခိုင်ရ၊ ကြားရအောင်"

သူတို့နှင့် ကြာကြာနေရလျှင် ခက်မှန်းသက်ခိုင်သိသည်။ တယောသံကြောင့် တစ်ယောက်ပြီး တစ်ယောက် ပေါက်လာကြဦးမည်။ တစ်ယောက်တစ်ပေါက်နှင့် စကား. . . ကားကာမဟုတ် သတင်းကြီးဦးမည်။

သက်ခိုင်သည် အဝတ်အစားကောက်လဲပြီး အခန်းတွင်းမှ ပြေးရန် ပြင်၏။

"ဟေ့ကောင် ဒါဘယ်လဲ"

"တော်ပြီ တော်ပြီ. . . မင်းတို့ကိုတော့ ရှိခိုးပါရဲ့၊ ကြောက်ပြီ၊ ငါ. . . ကိုလေးတို့နဲ့ သိုင်းသွားရိုက်တော့မယ်"

သက်ခိုင်ထွက်ပြေးသောအခါ ကျန်လူများက ရယ်နေ၏။

မောင်ရှိန်က အေးဝင်းဘက် လှည့်သည်။

"ကဲ. . . ဟေ့ကောင် အေးဝင်း၊ မင်းအလှည့်"

"ဘာ ငါ့အလှည့်လဲ"

"မိုးထဲ ရေထဲမှာ သေနာပေါ်မှာ မကြောက်ဘဲ ဘာတွေလျှောက်လုပ်ခဲ့တယ်ဆိုတာ အစကအဆုံး အစီရင်ခံ"

"မင့်အစီရင်ခံမယ့်အစား သတင်းစာထဲ ကြော်ငြာထည့်လိုက်တာကမှ သက်သာဦးမယ်။ ငါလည်း လစ်ပြီဟေ့"

အေးဝင်းလည်း ထွက်ပြေးတော့သတည်း။

**အခန်း-၁၈**

**ဆုံမိရပြန်ပါသည်**

သက်ခိုင်နေသော ပြည်ကျောင်းဆောင်သည် တက္ကသိုလ်နယ်မြေ၌ အလှပဆုံးကျောင်းဆောင်တစ်ခု ဖြစ်သကဲ့သို့ ပျော်ရွှင်ဖွယ်အကောင်းဆုံး ကျောင်းဆောင်တစ်ခုလည်း ဖြစ်လေသည်။

ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်ကောလိပ်အဖြစ် သန္ဓေတည်စအခါကတည်းက ဆောက်လုပ်ထားသော ကျောင်းဆောင်ကြီးတစ်ခု ဖြစ်လေသည်။

ထိုစဉ်က ပညာရေးအာဏာပိုင်တို့သည် မည်သို့မည်ပုံ စိတ်ကူးမှန်သွားသည် (သို့မဟုတ် မှားသွားသည်) မသိ၊ ကျောင်းဆောင်များကို တည်ဆောက်သော ဝါစဉ်အလိုက် မြန်မာ့သမိုင်းမှာ ထင်ရှားသော ယဉ်ကျေးမှုခေတ်ကြီးများ၏ မြို့တော်တို့၏ အမည်အတိုင်း မှည့်ခေါ်သမုတ်သည်။

ရှေးဦးစွာ တည်ဆောက်သော ကျောင်းဆောင်ကြီး၏ အမည်ကားတကောင်းဟူ၍ ဖြစ်သတည်း။ မြန်မာအစ တကောင်းကဟူ၍ ဇာတိမာန်နှိုးဆော်မှု ကြွေးကြော်သံနှင့် ဆက်စပ်နေသော အမည်ဖြစ်၏။ ဒုတိယ ကျောင်းဆောင်ကြီးကား သရေခေတ္တရာခေတ်ကို ကိုယ်စားပြုသည့် ပြည်ကျောင်းဆောင်ကြီးဖြစ်၏။ ပုဂံကျောင်းဆောင်ကား ဝါစဉ်၌ တတိယလိုက်သည်။ ဗဟိုကျောင်းဆောင်များဟုခေါ်သည့် နောက်ဆောင်သော ကျောင်းဆောင်များက သထုံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝဟု အမည်တွင်ကြရသည်။ အမှန်မှာ သထုံသည် ပုဂံထက် ဝါနုရန်မသင့်ပေ။

မည်သို့ရှိစေ. . . တက္ကသိုလ်ကျောင်းဆောင်များ၏ အမည်များသည် သမိုင်းခေတ်များကို ကိုယ်စားပြုထားပုံကား အကျိုးရှိလှ၏။ လောက၌ လူသားများပင် ဖြစ်သော်လည်း သမိုင်းမဲ့သော လူသားတို့၌ လူ့ဂုဏ်သရေ အပြည့်အဝမရှိ။ လူ့ဂုဏ်သရေ အပြည့်အဝ မရှိသော်. . လူ့မာန်လည်း မရှိနိုင်။ လူ့မာန်ကင်းသော်. . လူသည်လည်း လူမမည်လေတော့။

ရန်ကုန်တက္ကသိုလ်၏ ကျောင်းဆောင်အမည်များသည် ကျောင်းသားတိုင်းကို သမိုင်းစိတ်ရှိစေသည်။ မြန်မာ၌ သမိုင်းရှိကြောင်း သတိရစေသည်။ မြန်မာ၌ လူ့ဂုဏ်သရေရှိကြောင်း နှိုးဆော်ပေးသည်။ ထို့ကြောင့် လူ့မာန်ကိုလည်းတက်စေသည်။

ဤအမည်များကိုပေးသော ပညာရေးအာဏာပိုင်တို့သည် လူသားနှင့်လူသား မြန်မာ၏ ရှုထောင့်မှကြည့်သော် မှန်လှ၏။ နယ်ချဲ့ဗြိတိသျှရှုထောင့်မှကြည့်သော် မှားလှ၏။

သက်ခိုင်တို့ တက္ကသိုလ်ရောက်သောနှစ်၌ ပုဂံကျောင်းဆောင်ကြီးကားမရှိပြီ။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**



## မုံးထဲ၌မိုးသည်းထန်ရွာသွန်း၍တံတားနှစ်စင်းပျက်စီး

**မုံးထ ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မုံးထမြို့၌ ဩဂုတ် ၂၂ ရက် ညနေ ၅ နာရီခန့်မှစ၍ မိုးသည်းထန်စွာရွာ သွန်းမှုကြောင့် မုံးထော်-မုံးထ-တာဆွတ်ဖ-မိုင်းပန်ကားလမ်း မိုင်တိုင်အမှတ် ၂ မိုင် ၆ ဖာလုံရှိ အရှည် ၁၀ ပေ၊ အကျယ် ၁၈ ပေ ကွန်ကရစ်တံတားနှင့် မိုင်တိုင်အမှတ် ၄ မိုင် ၂ ဖာလုံရှိ အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေ ဘေလီတံတားနှစ်စင်းမှာ ကမ်းကပ်ခုံများ ပြိုကျပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ တံတားပျက်စီးရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ မုံးထဒေသရှိ ဗိုလ်မှူးဟိန်းစည်သူမောင်၊ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးချစ်ဆွေနှင့် တာဝန်ရှိသူတို့က လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရေးအတွက် ရှောင်ကွင်းလမ်းဖောက်လုပ်ထားရှိမှုနှင့် တံတားအားအမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်သွယ်ထားသည့် လမ်းတစ်ခုဖြစ်ပြီး တပ်မတော်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက ဖောက်လုပ်ထိန်းသိမ်းထားသည့် လမ်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်**(Iprd)

## ပခုက္ကူမြို့တွင်သာသနာဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်

**ပခုက္ကူ ဩဂုတ် ၂၇**

ပခုက္ကူမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် သာသနာဝင် စိစစ်ရေးကတ်ပြားမရရှိသေးသည့် သံဃာတော်နှင့် သီလရှင်များအား သာသနာဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်ပွဲကို ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီက မြို့နယ်သံဃနာယကရုံး (မဟာဝိသုတာရာမတိုက်) တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်သာသနာရေးဦးစီးမှူး ဦးဝင်ဇော်ညွန့်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလတ်တို့က သာသနာဝင်နှင့် သာသနာနွယ်ဝင် စိစစ်ရေးကတ်ပြားများဆက်ကပ်ရခြင်းနှင့်စပ်လျဉ်း၍ ဆရာတော်၊ သံဃာတော်များထံ တင်ပြလျှောက်ထားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများက ကျောင်းတိုက်အလိုက် ဆရာတော်များနှင့် သီလရှင်များထံ စိစစ်ရေးကတ်ပြား ၁၆၈ ကတ် ဆက်ကပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တအရိယဝံသ (မဟာဝိသုတာရာမတိုက်) က ဝမ်းမြောက်ဩဝါဒကထာ မြွက်ကြားကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်**

## လယ်မြေများစိုက်ပျိုးနိုင်သောအခြေအနေသို့ရောက်ရှိ

**ရေကြည် ဩဂုတ် ၂၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု၂၃စု တို့တွင် ဩဂုတ်လဆန်းပိုင်းက ဝေန်မြစ်ရေကြီးမြင့်မှုကြောင့် ရေဝင်နစ်မြုပ်လယ်မြေ ၈၇၁၁ ဧက ထိခိုက်မှုရှိပြီး ၆၄၈၉ ဧကနှင့် ၅၃၃၆ ဧကပျက်စီးမှု ရှိခဲ့ကာ ဩဂုတ် ၂၆ ရက်တွင် ရေကျသွားခဲ့ပြီဖြစ်ရာ ၇၀၀၆ ဧက ပြန်လည် စိုက်ပျိုးနိုင်သောအခြေအနေသို့ ရောက်ရှိပြီဖြစ်သည်။

လက်ရှိအချိန်တွင် ဒေသမျိုးစပါးများအသုံးပြု၍ လယ်မြေ ၁၀ ဧက ကိုယ်ထူကိုယ်ထပြန်လည်စိုက်ပျိုးပြီးစီးခဲ့ပြီး ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့်ပူးပေါင်းစိစစ်ဆောင်ရွက်လျက်ရှိကြောင်း မြို့မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## တပ်ကုန်းမြို့စည်ပင်သာယာဈေးအတွင်း အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်းစစ်ဆေး

**တပ်ကုန်း ဩဂုတ် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ စည်ပင်သာယာဈေးအတွင်းရှိလက်လီလက်ကား ဆားများရောင်းချနေသောဆိုင်များတွင် အိုင်အိုဒင်းပါဝင်မှု အရည်အသွေးစစ်ဆေးခြင်းနှင့် ပညာပေးဆွေးနွေးမှုကို ဩဂုတ်လ နောက်ဆုံးပတ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်သုံးဆားအိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်း စစ်ဆေးပညာပေးဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ဆရာမများနှင့်ဈေးတာဝန်ခံရုံးမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးအတွင်း ဆားရောင်းချသော ဆိုင်ခန်းပေါင်း ၃၆ ဆိုင်အား အိုင်အိုဒင်းဓာတ်ပါဝင်မှုတို့ကို စစ်ဆေးခဲ့သည်။

ထို့နောက် လက်လီလက်ကား ဆားများရောင်းချနေသော ဆိုင်များအား ပညာပေးဆွေးနွေးမှုကို မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ကျန်းမာရေး ဆရာမဒေါ်သင်းသင်းလှိုင်က အိုင်အိုဒင်းဆား သုံးစွဲခြင်းဖြင့် ကျန်းမာကြံ့ခိုင်ဉာဏ်ရည်မီ ကလေးကြီးထွားခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များ သားပျက်ခြင်းမှ ကာကွယ်ပေးခြင်း၊ လည်ပင်ကြီးရောဂါဖြစ်ပွားမှု ကာကွယ်ပေးနိုင်သည့်အတွက် အိုင်အိုဒင်းပြည့်ဝသော ဆားများကိုသာ ရောင်းချပေးရေးအတွက် ပညာပေးဆွေးနွေး ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**





မုန့်ဟင်းခါး / ခေါက်ဆွဲများ ကောင်းကောင်းထုတ်လိုပါသလား?
Diamond Horse ကိုဆက်သွယ်လိုက်ပါ ...။

အချိန်ကုန်သက်သာစေပြီး လူအင်အားနည်းနည်းဖြင့် မုန့်ဟင်းခါး၊ ညှပ်ခေါက်ဆွဲ၊ ဂျုံခေါက်ဆွဲ၊ ကြာဆံအမျိုးမျိုးအား ထုတ်လုပ်နိုင်သော နိုင်ငံတကာအဆင့်မီ Auto စက်များ မှာယူနိုင်ပါသည်။



Diamond Horse International Co., Ltd.
အမှတ်(၇၀၇/၁)၊မင်္ဂလာလမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၅၁၈၈၇၅၇၊၀၉ ၇၉၁၈ ၂၈၁၁၉၊၀၉၄ ၂၀၇၅၅၄၈


jrermEiiAoumtoi;

Young Architects Forum

မြန်မာနိုင်ငံဗိသုကာအသင်းမှကျင်းပသော Young Architects Forum (YA Forum) ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသောကြောင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဖိုရမ်ခေါင်းစဉ် - Young Architects Forum
နေ့ရက် - ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၃၀ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီမှ ညနေ ၄း၃၀ နာရီထိ
နေရာ - စုဝေးခန်းမဆောင်၊ ဒုတိယထပ်၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးမှုဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၃၁၅၄၄၆၀

- AMA အသင်းဝင်များသာဖြစ်ရမည်။
- အသင်းမဝင်ရသေးပါက ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ (၂)ပုံ၊ ဝင်ကြေး+နှစ်စဉ်ကြေး (၁၅၀၀၀) ကျပ် တို့ဖြင့် ဖိုရမ်မစတင်မီ အသင်းဝင်ရောက်နိုင်သည်။
- ဖိုရမ်အပြည့်တက်ရောက်သူများကို CPD Point (၃) မှတ်ပေးမည်ဖြစ်ပါသည်။

# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက်၏ "၃၃၈" ဘဏ်ခွဲမြောက်ဖြစ်သော

ရန်ကုန်ဘဏ်ခွဲ(၇၄)

## စိန့်ဂျွန်း – မင်းရဲကျော်စွာလမ်းဘဏ်ခွဲ

တိုက်(A-1)၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာစီးပွားရေးအဆောက်အအုံ
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၃၉၅၃၃၁/ ၃၂/ ၃၄၊ ဖက်စ်(၀၁)၃၉၅၂၈၅/ ၈၆

## ကမ္ဘောဇဘဏ်လီမိတက်၏ " ၃၃၉" ဘဏ်ခွဲမြောက် ဖြစ်သော

ရန်ကုန်ဘဏ်ခွဲ(၇၅)

## ကြည့်မြင်တိုင် – ပန်းပင်ကြီးလမ်းဘဏ်ခွဲ

အမှတ်( ၂၉)၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၉) ၂၆၅၂၇၈၈၈၂/ ၈၃၊ ဖက်စ်(၀၁)၅၁၇၃၅၃

**တို့ကို ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

# ရွှေပါရမီ
ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးများလှူဒါန်းပါမည်

ရွှေပါရမီကျန်းမာရေးစောင့်ရှောက်မှု မြန်မာနိုင်ငံအတွင်း ဧရာဝတီတိုင်းဒေသအသီးသီးတွင် ပါဝင်ကယ်ဆယ် ကူညီနေကြသော ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအဖွဲ့အစည်းများအတွက် လိုအပ်သည့် ဆေးဝါးများကိုတိုက်ရိုက် ပါဝင်လှူဒါန်းလိုပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်ပါရန် မိတ်ခေါ်အပ်ပါသည်။

ရွှေပါရမီကျန်းမာရေးစောင့်ရှောက်မှုသို့ ဆေးဝါး၊ ဆေးရုံဆေးခန်းတွင် လိုအပ်သည့် ပစ္စည်း နှင့် ငွေကြေးများ လှူဒါန်းလိုသောအလှူရှင်များကိုလည်း မိတ်ခေါ်အပ်ပါသည်။

- ရုံးခန်း – အမှတ် (၁၉)/A၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း – ၀၁–၂၄၉၅၇၃၊ ဖက်စ် – ၀၁–၃၈၅၀၄၄
- ဦးသိန်းထိုက်ဦး – ၀၉–၅၀၀၀၄၃၉ (Ph / Viber)
- ဦးစန်မင်း – ၀၉–၇၃၁၀၃၆၃၂ (Ph / Viber)
- ဦးငွေမြင့် – ၀၉–၅၀၁၀၄၂၇ (Ph / Viber)
- ဦးငွေအောင် – ၀၉–၅၁၅၃၃၄၈ (Ph / Viber)

ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။



HOME GALAXY Interior Mall

Manufacturing UPVC Windows & Doors



The Best Windows
Weather Proof ✔ Water Proof
The quality products

UPVC Window & Door များကို ကိုရီးယားနိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကုန်ကြမ်းများကို တိုက်ရိုက်တင်သွင်းပြီး ကိုရီးယား စက်ကြီးများဖြင့် ကိုရီးယားနည်းပညာ အတိုင်း ထုတ် လုပ်ထားပါသည်။ မုတ်သုံးလေအလွန်သည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိခြင်း။ UV Coated ပါရှိခြင်းကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည် ခိုင်ခံ့ခြင်း။ အသံလုံ၍ အသုံးပြုရ လွယ်ကူခြင်း စသည့် အားသာချက်တို့ကိုရရှိစေပါသည်။

- ကိုရီးယား ABS Moulding Door အမျိုးမျိုး
- ကိုရီးယား UPVC Window & Door ဆိုဒ်အမျိုးမျိုး တို့ကို မိမိစိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။

Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel : 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309



- အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
- စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
- လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။

အတွဲ ၁၀၊ အမှတ် ၇ / နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ

ဆက်သွယ်ရန် ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများမှ ငွေကြိုပို့ပြီး မှာကြားပါက စာတိုက် (သို့မဟုတ်) ကားဂိတ်များမှတဆင့် ပို့ပေးမည်။
Nyein Center ▪ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၀



FAME **Nature A®**
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
၂/၂၀၁၂ တအဆလ/တိုး(ပင်ဘု)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Phototec®**
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/၂၀၁၂ တအဆလ/တိုး(ပင်ဘု)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



**ပတ်စပို့ ပျောက်**
ကျွန်မ မရွှယ်ဘု၊၁/မကန(နိုင်)၁၄၄၁၂၀]၏ ပတ်စပို့ (No. မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉ ၂၅၂၅၆၉၇၃၆

**ပတ်စပို့ ပျောက်**
ကျွန်တော် ဦးဆန်းဌေး [၅/အရတ(နိုင်)၀၉၄၅၃၃၃]၏ ပတ်စပို့ (No. မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၄၀၀၀၀၅၀၅၆

**ဖခင်အမည်မှန်**
မိုးညှင်းမြို့၊ အထက(၁)၊ ဒသမတန်း(F) မှ မောင်ထက်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းမော်ဖြစ်ပါသည်။



Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာစံပြ |
| Top Royal | ဝင်းလိုက် | မြို့မ | မင်္ဂလာထွန်းသီရိ |

ကြိုတင်လက်မှတ်ရောင်းပြီ
၂၈၊၈၊၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမည်။






STRATEGY FIRST INSTITUTE

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက်

NCC education Level 4 Diploma in BUSINESS

UKမှ စီးပွားရေးဘွဲ့ရယူရန် ဒီပလိုမာများ

တစ်နှစ်အချိန်ပြည့်သင်တန်း၊ စက်တင်ဘာ (၇) ရက်နေ့ဖွင့်မည်။



Scholarships: up to 75% သင်တန်းလက်ခံနေပါပြီ။ CALL NOW: 09250 717166 - 68

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၆၇/မမ/CME | တာဝဘူတာတွင် 50 KVA Transformer တပ်ဆင်ခြင်း၊ 11 KV, 400 V Line တည်ဆောက်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်း(၅၃)မျိုး |
| ၂ | ၆၈/မမ/CME | နေပြည်တော်စက်ခေါင်းစက်ရုံသစ်သို့ 400 V Line နှင့် လုံခြုံရေးမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်း(၄၆)မျိုး |
| ၃ | ၆၉/မမ/CME | မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသစ်သို့ 400 V Line၊ လုံခြုံရေးမီးများတပ်ဆင်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်း(၃၆)မျိုး |
| ၄ | ၇၀/မမ/CME | - 2 V 500 Ah Battery (34 Nos/Set) - 6 Sets<br>- 8 V 290 Ah Battery (4 Cell/Box)(8 Box/Set) - 20 Sets |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁)မှ (၃) ၁၄.၉.၂၀၁၅ (တနင်္လာနေ့) (၁၂.၃၀)နာရီ
အမှတ်စဉ် (၄) ၂၈.၉.၂၀၁၅ (တနင်္လာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၈.၈.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:294352, 291994

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
For Series 2-2016
LCCI (UK)
Level I,II & III

Earn A World Recongnised
MBA
From One of Malaysia's Top University in Myanmar
YCTC Business Institute
Management & Science University (MSU) Malaysia
Specialisation in
- Global Marketing
- Organisational Leadership
- Finance
- Health Care Management
Installment & Scholarship Avialiable
Admission : 1 August 2015 to 30 September 2015
MBA Foundation : 3 October 2015 to 31 October 2015
MBA Start on : 7 November 2015
UK, Germany, Japan မှ Dual MBA ရယူနိုင်ပါသည်။
အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ (Park Royal Hotel)အနီး။
Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com



## မီး သတိပြု

**အမည်ပြောင်း** ရန်ကုန်မြို့၊ အထက(၂)ကမာရွတ် Grade 4 (C) တွင် ပညာသင်ကြားနေသော အဖ ဗိုလ်မှူးကျော်ကျော်ဦး[၁၄/ပသရ(နိုင်)၀၉၇၅၁၁]၏ သားဖြစ်သူ မောင်ကွန်းဆင့်ဇေယျာအား ယနေ့မှစ၍ မောင်ရန်ကျော်ဟုပြောင်းလဲခေါ်ပါရန်။
**မောင်ရန်ကျော်**

UK - USA - Australia မှ SIM စင်ကာပူ မိတ်ဖက်တက္ကသိုလ်များ၏
"One Stop 2015 ဆွေးနွေးပွဲ"
SIM GLOBAL EDUCATION
www.simge.edu.sg
Singapore Institute of Management Pte Ltd
CPE Registration Number : 199607747H
Period of Registration : 20 May 2014 - 19 May 2018
University at Buffalo, The State University of New York ၏ BA, BS Double Degree များကို သင်ယူနိုင်မည့်အခွင့်အလမ်း
University of London, University of Birmingham, University of Sheffield,University of Stirling, University of Southampton များ၏ ဘွဲ့များကိုတက်ရောက်နိုင်သောလမ်းကြောင်းများ
RMIT University ၏ Accountancy, Economics and Finance, Logistics & Supply Chain Management, Marketing ဘွဲ့များကို ရရှိနိုင်မည့်အခွင့်အလမ်း
• SIM GLOBAL EDUCATION စင်ကာပူ၏ Accounting, Banking & Finance, Management Studies နှင့် International Business များကို သင်ယူပြီး နိုင်ငံတကာထိပ်တန်းမိတ်ဖက် တက္ကသိုလ်များ၏ ဘွဲ့များကို ဒုတိယနှစ်မှစတင်ပြီး တက်ရောက်နိုင်မည့် အစီအစဉ်များ(Terms and Conditions Apply)
• ပညာသင်ဆုလျှောက်ထားရယူနိုင်မည့် အစီအစဉ်များကို တစ်နေရာတည်းတွင် သတင်းအချက်အလက် စုံလင်စွာရရှိနိုင်မည်။
CROWN EDUCATION
29 Aug
1:00 pm - 5:00 pm
NOVOTEL HOTEL (Eureka Room)
Call Us : 01 527 838, 09 730 40 688, 09 732 732 77



သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။
The 3rd Housing & Living 2015
စက်တင်ဘာလ ၁၀ရက်မှ ၁၃ရက်နေ့ထိ
တပ်မတော်ခန်းမ
Online မှ register ပြုလုပ်သူများကို Samsung Tab A အပါအဝင်ဖုန်းငွေဖြည့်ကတ်များစွာကိုကံထူးရှင်အဖြစ်ရွေးချယ်ကာချီးမြှင့်သွားပါမည်။
ပြပွဲသို့ကြွရောက်လေ့လာသူများအတွက်လည်းနေ့စဉ် Mobile Handset (၃)လုံးနှင့် တစ်သောင်းတန်ဖုန်းငွေဖြည့်ကတ်(၃၀)ကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။
အထူးအစီအစဉ်အနေဖြင့်ပညာရှင်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အိမ်ခြံမြေဆိုင်ရာဆွေးနွေးဟောပြောပွဲစီစဉ်ထားရှိမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။
Supporting Partners:
hot line: 09 30331405
www.events-housingandliving.com
Prime livingmall
UNI ASIA
AMPS
Times City
Roca
GYG
EVEREST
GREEN
ANDRONICUS
J-HEIM
EUROWIN
Amigos
Maxmalla

VAC® VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ

**Job Openings for Foreign Firms**

**Engineering Asst Manager** - Bago - USD 1200++ M(1)
- BE / GTI ( ME / EP ), 10yrs Exp in Factory Background & FMCG Field, Fluent in English;

**Project - Site Engineer** - Yangon - Other Region M(10)
- BE / GTI ( Civil ), 5yrs Exp in Road & Bridge / Building Construction Field;

**Sr Interior Designer** - Canada Co M(1)
- B.Arch , 5yrs Exp in Relevant Field, Can Speak English;

**Designe Engineer** - SG Co M/F(1)
- BE / AGTI ( Civil ) , 2yrs Exp in Relevant Field, Can Speak English;

**Industrial / M & E Engineer** - Japan Co - China Co M(5)
- BE / GTI ( ME / EP ), 5yrs Exp in Factory Maintenance Field; Fluent in English;

**Sales Engineer** - Oil & Gas - USD 700 M(1)
- BE / GTI ( Mechanical ), 1yr Exp in Oil & Gas Sales Field; Fluent in English;

**Sales / Service Engineer** - German Co M/F(5)
- BE/GTI(ME/EP/EC/MC), 2yrs Exp in Heavy Machinery Field; Fluent in English;

**QS Engineer** - Japan Co - USD 800 - BE / GTI (Civil) , 5yrs Exp, Can Speak English; F(1)

**Structure Engineer** - BE / GTI (Civil) , 3yrs Expin Relevant Field; M(1)

**Architect** - Japan Co - M.Arch / B.Arch , 3yrs Exp in Relevant Field; M(3)

**Microwave Engineer** - BE (EP), 3yrs Exp in Relevant Field; M(1)

**Safety Supervisor** - Japan Co - USD 500 - 3yrs Exp in Construction Field; M(1)

**QA / Lab Technician** - B.Sc (IC/Chem), BE (Chem), 2yrs Exp; M/F(3)

**Site Supervisor** - Construction - Telecom - USD 300 - Any Grad, 2yrs Exp; M(5)

**Telecom / Site Engineer** **M(300)**
- BE / B.Tech / AGTI ( EP / EC ), 1 — 5 yr Exp; Can Speak English Language;

E-mail ဖြင့်အလုပ်လျှောက် နိုင်သည်။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

Like **Value Added Consultancy**

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

**ရွှေအသည်း**

**အသည်းအားဆေး**

အသည်းရောဂါ ဘီပိုး၊ စီပိုးကို နှိမ်နှင်းနိုင်တဲ့ တိုင်းရင်းဆေး



- ... Case Study ...
- ... (ALT, ALP, AST), T.BIL ...
- Antioxidant Action ...
- Sub-acute Toxicity Test ...

*Reference :*
(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ...




SONY
EXCLUSIVE PREMIUM GIFTS
MID YEAR PROMOTION
30 July – 30 August | 2015
LATEST PRODUCTS
65X8500C / 75X8500C
43W800C
40W700C
40R550C / 40R552C
SHAKE 100D
XPERIA™ C4
XPERIA™ M4 Aqua
XPERIA™ E4
ILCE-7K
• 24.3-megapixel 35mm full-frame Exmor™ CMOS sensor
• BIONZ X™ image processing engine
• Meticulously crafted controls within a compact body
• Enhanced Fast Hybrid AF
• High-contrast, high-resolution XGA OLED Tru-Finder™
• Full HD movie recording with advanced audio functions
DSC-HX90
• 18.2MP Exmor R™ CMOS Sensor
• 30x Optical Zoom, 60x Clear Image Zoom
• Built-in Wi-Fi® / NFC
• Electronic Viewfinder & Multi-Interface Shoe
• 180° tiltable 3.0" LCD screen
DSC-H300V
• 20.1MP
• 35x Optical Zoom
• Sony Lens
• Super HAD CCD Sensor
• HD Movie (720P)
HDR-CX405
Full HD 1080
• 9.2MP Full HD
• 27x Optical Zoom, 54x Clear Image Zoom
• SteadyShot™ (Active Mode)
• Zeiss® Vario-Tessar 26.8mm wide angle lens
FREE GIFTS
Official Warranty by: TMW Enterprise Limited
အဖြိုးဖြိုး အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 WHOLE SALES / DISTRIBUTION : Tel: 01- 554708
Buy Smart, Be Assured!
Insist on Official Warranty, It makes a difference!


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့

# ရေဘေးသင့်သော်လည်း ကြိုတင်ကာကွယ်ရေးအစီအမံများကြောင့် ပဲခူး၌ ထိခိုက်ပျက်စီးမှုနည်းပါး

**ပဲခူး ဩဂုတ် ၂၇**

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်း၌ ရေကြီးရေလျှံမှုများပေါ်ပေါက်ခဲ့ရာ ပဲခူးခရိုင်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်/ဒေသအချို့တွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အထူးသဖြင့် ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်၊ ကဝ၊ ပဲခူးမြို့တို့တွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စသည့် အဓိကမြစ်ကြီးလေးစင်းအပြင် အခြားမြစ်ငယ်၊ ချောင်းငယ်များ အသွယ်သွယ်စီးဆင်းလျက်ရှိခြင်းကြောင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေကို အဆိုပါမြစ်ချောင်းကြီးငယ် အသွယ်သွယ်တို့ကို စီမံဆောင်ရွက်ခြင်းဖြင့် ရရှိနေပေရာ ပဲခူးခရိုင်သည်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

သတင်းနှင့် ဓာတ်ပုံ - နေသန်၊ ရာမည



ပဲခူးခရိုင် ကဝမြို့နယ်ရှိ ဇီးပင်ရိုးချောင်း တူးဖော်ထားမှုကို တွေ့ရစဉ်။

## ယနေ့ မာတိကာ

ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေများ ဆက်သွယ်လှူဒါန်း
စာမျက်နှာ - ၇

အွန်လိုင်းသေနတ် မှောင်ခိုဂိုဏ်းအား တရုတ်ရဲတပ်ဖွဲ့ ဖြိုခွင်း
စာမျက်နှာ - ၁၂

ဂိုးမိုးခေါင်နေမှုကို ဟက်ထရစ်သွင်းကာ ရှန်းနီအဆုံးသတ်ပြီး မန်ယူက ဘရာဂါအားအနိုင်ယူ
စာမျက်နှာ - ၁၃

# နိုင်ငံတော်အနေဖြင့် ဂြိုဟ်တုနည်းပညာပိုင်ဆိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန်ရှိ



**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံတစ်နိုင်ငံတွင် အာကာသနည်းပညာအသုံးပြုမှုနှင့် ဂြိုဟ်တုနည်းပညာ ပိုင်ဆိုင်မှုအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်သည်။

အာကာသစခန်းများ၏လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များကို သိရှိနိုင်စေရန် အာကာသအတွင်း ရက်ပေါင်း ၁၇၇ ရက်ကြာ နေထိုင်ခဲ့သည့် ဂျပန်နိုင်ငံ ဂျက်ဆာအာကာသယာဉ်မှူးအဖွဲ့၏ အကြီးအမှူး စောအိချီနိုကိုချီ၏ အတွေ့အကြုံရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ကျင်းပခဲ့သည်။

"မြန်မာနိုင်ငံမှာ လေကြောင်းနဲ့ အာကာသနည်းပညာ အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ အထောက်အကူပြုစေဖို့၊ အတွေ့အကြုံတွေရရှိစေဖို့နဲ့ ပညာရေးမြှင့်တင်ပြောင်းလဲမှုတွေကို အထောက်အကူပြုစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီပွဲကို ကျင်းပပေးတာပါ။ နိုင်ငံတော်ရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်လုံခြုံမှုနဲ့ သဘာဝဘေးအန္တရာယ်တွေကို ကြိုတင်သိရှိနိုင်ဖို့အတွက် အာကာသနည်းပညာအသုံးပြုမှုဟာ မဖြစ်မနေလိုအပ်ချက်တစ်ခုအနေနဲ့ ရှိလာပါပြီ"ဟု ယနေ့ရှင်းလင်းပွဲတွင်

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖

# တောဆင်ရိုင်းများ မူလကျက်စားရာ ပဲခူးရိုးမဆီသို့ ပြန်လည်ပို့ဆောင်ရေး စတင်ထိန်းကျောင်းမောင်းနှင်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၇**

နတ်မောက်မြို့သစ် ပဲခူးရိုးမဆီမှ နယ်ကျွံဝင်ရောက်လာခဲ့သော ရိုးမပျော်ဆင်ရိုင်းအုပ်စုကို မိုင်ရာကျော် ခရီးနှင်၍ ၎င်းတို့ဝင်ရောက်လာရာလမ်းမှ ယခုအခါ သင့်လျော်သော သဘာဝပတ်ဝန်းကျင်ရှိရာ ၎င်းတို့၏ မူလအရပ် ပဲခူးရိုးမဆီသို့ ပြန်လည်ဦးတည်စေ၍ ယနေ့ညနေတွင် စတင်ထိန်းကျောင်း မောင်းနှင်နေပြီဖြစ်သည်။

ပဲခူးရိုးမပေါ်မှတစ်ဆင့် နတ်မောက်မြို့သစ် ယင်းမှတစ်ဆင့် မိတ္ထီလာ၊ ညောင်ဦးမြို့များကို ဖြတ်ကျော်ကာ ဩဂုတ် ၂၇ ရက်တွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လွန်ပင်ကုန်းရွာအနီး လျှိုတစ်ခုအတွင်း နားခိုရပ်နားနေကြကြောင်း သိရသည်။

မူလဆင်ခြောက်ကောင်အုပ်စုမှ နာမကျန်းဖြစ်နေသော ဆင်တစ်ကောင်သည် ကျောက်ပန်းတောင်းမြို့နယ်အနီးရှိ တူရင်းတောင်ကြောတွင် အဖော်ကွဲကာ ကျန်ရစ်ခဲ့ကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ကျန်ငါးကောင်မှာ ဩဂုတ် ၂၇ ရက် ညနေပိုင်းအထိ ကျောက်ပန်းတောင်းမြို့နယ် လွန်ပင်ကုန်းကျေးရွာနှင့် စံပြကျေးရွာအကြားရှိ လျှိုတစ်ခုအတွင်း ရပ်နားခဲ့ကြသည်။

ယခုအခါတွင် ယင်းဆင်ရိုင်းအုပ်စုကို ရိုးမတောသို့ ပြန်လည်ထိန်းကျောင်း မောင်းနှင်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့်အတူ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်မှ ဆင်ယဉ်များ ရောက်ရှိလာပြီး ယနေ့ညနေပိုင်းမှစ၍ ထိန်းကျောင်းမောင်းနှင်နေပြီဖြစ်ကြောင်း ဆင်ယဉ်များသယ်ဆောင်လာသူများက ဆင်အုပ်၏

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒



ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လွန်ပင်ကုန်းရွာအနီး လျှိုတစ်ခုအတွင်းရောက်ရှိနေသော တောဆင်ရိုင်းများကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက တွေ့ရစဉ်။ (ဓာတ်ပုံ-နေသန်)




themirror.npt@gmail.com
www.facebook.com/themirrordaily